မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်၊ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁၇ ရက်၊ စနေနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၄၀)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးခန့်အပ်လွှာပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီး ဖြစ်သော မစ္စတာကွေလီ၊ အေ၊ ဆုဖာခတ်သည် ယနေ့နံနက် ၁၁နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။ *စာမျက်နှာ ၃ ကော်လံ ၂* ❒

လက်ခံတွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကွေလီ၊ အေ၊ ဆုဖာခတ်အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နှစ်သစ်ကူးရုံးပိတ်ရက်သတ်မှတ်ခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
(ကြေညာချက်အမှတ် ၁/၂၀၀၇)
၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်
(၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)
နှစ်သစ်ကူးရုံးပိတ်ရက်သတ်မှတ်ခြင်း

သင်္ကြန်ပွဲတော်သည် မြန်မာလူမျိုးတို့၏ အထွတ်အမြတ်ထားရာ နှစ်သစ်ကူး အခါသမယဖြစ်ပါသည်။ ထိုနှစ်သစ်ကူး အခါသမယတွင် မြန်မာ့ရိုးရာ ရေပက်ဖျန်းကစားခြင်း၊ စေတီပုထိုးများအား ရေသပ္ပာယ်ခြင်း၊ ကျောင်းကန်ဘုရားများသို့ သွားရောက်၍ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ သက်ကြီးရွယ်အို အဘိုးအဘွားများအား ကန်တော့ခြင်း၊ အလှူအတန်းများ ပြုလုပ်ခြင်း စသည်တို့ ပြုလုပ်နိုင်ရန်နှင့် နိုင်ငံ့ဝန်ထမ်းများ တစ်နှစ်တာအတွက် အနားယူ အပန်းဖြေနိုင်စေရန်အလို့ငှာ နှစ်စဉ် သင်္ကြန်အကြိုနေ့မတိုင်မီ တစ်ရက်မှစ၍ (၁၀)ရက်တိတိကို ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်သစ်ကူးရုံးပိတ်ရက် အဖြစ် သတ်မှတ်လိုက်သည်။

အမိန့်အရ–

(ပုံ) **သိန်းစိန်**
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

17-2 (01) 1 2/17/07, 1:34 PM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

လမ်း၊တံတား တည်ဆောက်မှုလုပ်ငန်းများ ဒေသဖွံ့ဖြိုးတိုးတက်မှု များစွာအကျိုးပြု

နိုင်ငံတော်က ဒေသတစ်ခုနှင့်တစ်ခု ကူးလူးဆက်သွယ်သွားလာမှု လွယ်ကူလျင်မြန်စေရေးအတွက် လမ်း၊ တံတားများကို ကွန်ရက်သဖွယ် ဖောက်လုပ်ပေးလျက်ရှိသည်။ ရန်ကုန်တိုင်းအတွင်းရှိ ငမိုးရိပ်တံတား(ကမာကြည်)နှင့် ဒဂုံတံတားတို့ကိုလည်း တည်ဆောက်လျက် ရှိသည်။

ငမိုးရိပ်တံတား(ကမာကြည်)သည် ငမိုးရိပ်ချောင်းကိုဖြတ်၍ သင်္ဃန်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏမြို့နှင့် သာကေတမြို့နယ်တို့ကို ဆက်သွယ်ပေးမည့် အရှည်ပေ ၉၇၀ရှိ လေးလမ်းသွား ပေါင်းကူးတံတားဖြစ်ပြီး တန် ၆၀ ယာဉ်ကြီးများ ဖြတ်သန်းသွားလာနိုင်မည် ဖြစ်သည်။

ယခုအခါ တံတားစီမံကိန်းတစ်ခုလုံး ၉၆ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ရာ သတ်မှတ်ချိန်ထက်စောပြီးဖွင့်လှစ်နိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်နှင့် သန်လျင်မြို့နယ်တို့ကို ဆက်သွယ်ပေးမည့် ဒဂုံတံတားကိုလည်း တည်ဆောက်လျက်ရှိရာ စီမံကိန်းတစ်ခုလုံး၏ ၈၈ ဒသမ ၅ ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်သည်။

အဆိုပါ တံတားသည် အရှည်ပေ ၄၅၄၀ရှိပြီး ခြောက်လမ်းသွား ကြိုတင်အားဖြည့် သံကူကွန်ကရစ် အမျိုးအစားဖြစ်သည်။

ငမိုးရိပ်တံတား(ကမာကြည်)၏ တည်ဆောက်ရေးလုပ်ငန်းများ အားလုံးပြီးစီးသွားပါက ရန်ကုန်-သန်လျင်တံတား အမှတ်(၁)၊ ဒဂုံတံတားတို့နှင့် တစ်သားတည်း ဆက်စပ်မိကာ ရန်ကုန်တောင်ပိုင်းခရိုင်ရှိ သန်လျင်၊ ခရမ်း၊ သုံးခွ၊ သီလဝါ၊ ကျောက်တန်းမြို့နယ်များသို့ အချိန်တိုအတွင်း လွယ်ကူစွာ ခရီးပေါက်နိုင်မည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှုလည်း မှန်ကန်မြန်ဆန်လာမည် ဖြစ်သည်။

နိုင်ငံတော်က ငမိုးရိပ်တံတား(ကမာကြည်)နှင့် ဒဂုံတံတားတို့ကို တစ်ခုနှင့်တစ်ခုချိတ်ဆက်မိစေရန် တည်ဆောက်ပေးလျက်ရှိရာ တံတားတည်ဆောက်ရေးစီမံကိန်းများ ပြီးစီးပါက ဒေသခံပြည်သူများ ဆက်သွယ်သွားလာမှု လျင်မြန်စေမည့်အပြင် လူမှုစီးပွားဘဝမြင့်မားပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအကျိုးပြုမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပေသည်။ ။

လေယာဉ်မှူးများသင်တန်းတက်ရန် မလေးရှားနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံသားပိုင် Air Bagan Ltd. မှ အမျိုးသားလေယာဉ်မှူး သင်တန်းသားလေးဦးနှင့် မြန်မာနိုင်ငံ၏ ပထမဆုံး အမျိုးသမီးလေယာဉ်မှူး သင်တန်းသူ နှစ်ဦး စုစုပေါင်းခြောက်ဦးတို့သည် မလေးရှားနိုင်ငံ Integrated Aviation Acadeny သင်တန်းကျောင်းသို့တက်ရောက်ရန် ဖေဖော်ဝါရီ ၁၄ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။ **(အပေါ်ပုံ)**

တာဝန်ထမ်းဆောင်

အဆိုပါ အမျိုးသား၊ အမျိုးသမီး လေယာဉ်မှူးများသည် Air Bagan Ltd.၏ ပျံသန်း ပြေးဆွဲလျက်ရှိသော ပြည်တွင်းခရီးစဉ်များနှင့် တိုးချဲ့ပျံသန်း ပြေးဆွဲမည့် နိုင်ငံတကာခရီးစဉ်များတွင် လေယာဉ်မှူးများအဖြစ် တာဝန် ထမ်းဆောင်ကြမည် ဖြစ်သည်။

Air Bagan Ltd. သည် ပြည်တွင်းနှင့် နိုင်ငံတကာခရီးစဉ်များအတွက် မြန်မာနိုင်ငံ၏ အနာဂတ်မျိုးဆက်သစ် လေယာဉ်မှူးများနှင့် မြန်မာနိုင်ငံ၏ ပထမဆုံး အမျိုးသမီး လေယာဉ်မှူး သင်တန်းသူများ ရွေးချယ်ရာတွင် နိုင်ငံတကာလေယာဉ်မှူးများ နှင့် တာဝန်ရှိသူများက လေကြောင်းလိုင်း ပညာရပ်များနှင့် ထိတွေ့နှံ့စပ်မှုရှိသောသူ ၄၀အား စာတွေ့၊ လက်တွေ့ စာမေးပွဲများဖြင့် ရွေးချယ်ခြင်း၊ ခေတ်မီစက်ကိရိယာများ အသုံးပြုနိုင်ခြင်း ရှိမရှိ၊ ဉာဏ်ရည်ဉာဏ်သွေး မြင့်မားမှု ရှိမရှိများ စစ်ဆေးခြင်း၊ ကျန်းမာရေး စစ်ဆေးခြင်း၊ သက်ဆိုင်ရာဌာနအသီးသီးတွင် ခေတ်မီစက်ကိရိယာများဖြင့် လေယာဉ်တုများအား မောင်းနှင်စေခြင်း တို့ဖြင့် အဆင့်ဆင့်စမ်းသပ်၍ စနစ်တကျ ရွေးချယ်စေလွှတ်ခြင်း ဖြစ်သည်။

ပါဝင်လိုက်ပါ

သင်တန်းကာလမှာ စာတွေ့နှင့် လက်တွေ့စုစုပေါင်း နှစ်နှစ်ကြာမြင့်၍ ၎င်းနိုင်ငံတကာလေယာဉ်မှူးသင်တန်းသို့ မြန်မာနိုင်ငံ၏ ပထမဆုံးလေယာဉ်မှူးသင်တန်းသူများအဖြစ် Air Bagan Ltd. မှ အကြီးတန်းလေယာဉ်မယ် နှင်းဦးဝေနှင့် အငယ်တန်းလေယာဉ်မယ် မေချိုဝင်း၊ လေယာဉ်မှူး သင်တန်းသားများအဖြစ် Air Bagan Ltd. မှ လေယာဉ်မောင်ချုပ် စထိုက်ကိုကို၊ အကြီးတန်း လေယာဉ်မောင် အေးချမ်းမောင်မောင်၊ အောင်စည်ဟိန်းနှင့်မျိုးကျော် အောင်ဆန်းတို့ပါဝင်လိုက်ပါသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဖေဖော်ဝါရီ ၅ရက်မှ ၉ရက်အထိ ကျင်းပသည့် (၁၂)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး၊ (၂၂)ကြိမ်မြောက် အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများသို့ တက်ရောက်ပြီး ဖေဖော်ဝါရီ ၁၁ရက် မွန်းလွဲပိုင်းက နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

ဖွင့်ပွဲတက်ရောက်

ဝန်ကြီး ဗိုလ်ချုပ် သိန်းဆွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည်ဖေဖော်ဝါရီ၈ရက်နံနက်ပိုင်းတွင် (၁၂)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။ ဖွင့်ပွဲအခမ်းအနားတွင် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စူရာယုဒ် ချုလာနွန်က အဖွင့်မိန့်ခွန်း ပြောကြား ဖွင့်လှစ်သည်။

ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းတွင် ကျင်းပသည့် (၅)ကြိမ်မြောက် အာဆီယံနှင့် တရုတ်ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ပြီး ညနေပိုင်းတွင် (၄)ကြိမ်မြောက် အာဆီယံနှင့်ဂျပန် ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးသို့ ဆက်လက်တက်ရောက်သည်။

ဆွေးနွေး

ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ ဆွေးနွေးဖက် နိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ၊ ဂျပန်နိုင်ငံ ပို့ဆောင်ရေးဝန်ကြီးများနှင့်အတူ ဒေသတွင်းပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြင့် ဆောင်ရွက်ရေး၊ ဘက်စုံ ပို့ဆောင်ရေး အဆောက်အအုံ ဆက်နွယ်မှုများ တိုးမြှင့်လုပ်ဆောင်ရေး၊ ပို့ဆောင်မှုလွယ်ကူချောမွေ့ရေးကဏ္ဍ တိုးမြှင့်ဆောင်ရွက်ရေး၊ ပို့ဆောင်ရေးကဏ္ဍနှင့် ကမ္ဘာလှည့်ခရီးသွား လုပ်ငန်းပေါင်းစည်းရေးနှင့် လွယ်ကူချောမွေ့ရေး၊ လေကြောင်းနှင့်ရေကြောင်းကဏ္ဍတွင် ဖြေလျှော့မှုများတိုးချဲ့ရေး၊ ၂၀၁၅ ခုနှစ်တွင် တစ်ခုတည်းသောလေကြောင်း ပို့ဆောင်ရေး ဈေးကွက်ဖြစ်ထွန်းရေး တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အစည်းအဝေးအပြီးတွင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများနှင့်အတူ နိုင်ငံဖြတ်ကျော်လမ်းများနှင့် အထောက်အကူပစ္စည်းများသတ်မှတ်ချက် အခြေပြစာချုပ်နှင့်အာဆီယံဝန်ဆောင်မှုကုန်သွယ်ရေးဘောင် သဘောတူစာချုပ်အရ ပဉ္စမအသုတ် လေကြောင်းပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းဖြေလျှော့မှုကမ်းလှမ်းချက်များကို အကောင်အထည်ဖော်မည့် အခြေပြ စာချုပ်တို့ကို လက်မှတ်ရေးထိုးသည်။

ပြန်လည်လိုက်ပါ

မြန်မာ ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော ပို့ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်၊ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူး ဒေါ်အေးအေးကြည်၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မျိုး၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထင်ကျော်တို့လည်း ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အခြေခံ အသက် အထောက်အကူပြုနည်း နည်းပြ သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်ကာ အခြေခံ အသက်အထောက်အကူပြုနည်း နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက်နံနက် ၉ နာရီက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာသာလှရွှေက အဖွင့်အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း ကျန်းမာရေးဆိုင်ရာညှိနှိုင်းရေးမှူး Ms.Jennifer Anne Jolly က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ ပြည်နယ်နှင့် တိုင်းများမှ သင်တန်းသား သင်တန်းသူ ၃၈ဦးတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေး ကော်မတီ (ရန်ကုန်တိုင်း) က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် ဆောက်လုပ်နေသောခြောက်ထပ် ဆေးရုံသစ်ကြီးအတွက် အလှူငွေကျပ် ၁၀ သိန်းကို လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်နှင့် တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင်တို့က လက်ခံယူစဉ်။ (က-ပ)

✻ ကျောဖုံးမှ

တက်ရောက်

အစည်းအဝေးသို့ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီဝင်များ ဖြစ်ကြသော အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်နှင့် ရှေ့နေချုပ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ကျောက်မျက်ရတနာ ကြီးကြပ်ရေး ဗဟိုကော်မတီဝင်များတက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ဆွေးနွေး မှာကြားရာတွင် ယနေ့ အစည်းအဝေးသည် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီ၏ ပုံမှန်အစည်းအဝေးဖြစ်ကြောင်း၊ ယနေ့အခြေအနေတွင် ကျောက်မျက်ရတနာ ထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး ပြည်ပ ဝယ်လိုအားလည်း တိုးတက် များပြားလာသည်ကိုတွေ့ရကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်အတွက်ရော ပုဂ္ဂလိက လုပ်ငန်းရှင်များ အတွက်ပါ အကျိုးဖြစ်ထွန်းစေလျက်ရှိကြောင်း၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီကျောက်မျက်၊ ကျောက်စိမ်းတူးဖော်မှုကြောင့် သဘာဝ

ရှင်းလင်းတင်ပြ

မြန်မာ့ကျောက်မျက်ရတနာ လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက် ရေး ဦး စီး ကော်မတီဝင်သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပတ်ဝန်းကျင် မပျက်ယွင်းစေရအောင် အထူးဂရုပြုထိန်းသိမ်းသွားရန် လိုအပ်သဖြင့် သတ္တုတွင်းဝန်ကြီးဌာနနှင့် ဒေသအာဏာပိုင်များက ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

စည်းကမ်းတကျတူးဖော်

ကျောက်မျက်ရတနာများမှာ နိုင်ငံတော်ပိုင် သဘာဝအရင်းအမြစ် သယံဇာတပစ္စည်းများဖြစ်ကြောင်း၊ ကျောက်မျက်တူးဖော်လုပ်ကိုင်သူများအနေဖြင့် မိမိအကျိုးစီးပွား တစ်ခုတည်းကိုသာ ရှေးရှုလုပ်ကိုင်ခြင်းမပြုဘဲ နိုင်ငံတော်အကျိုးနှင့် မိမိတို့ အကျိုးအတွက် မျှတစွာ စည်းကမ်းတကျ တူးဖော်လုပ်ကိုင်ရေးအတွက် စီမံဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရေနံ၊ သတ္တုနှင့် ကျောက်မျက်ရတနာ စသည်တို့မှာ ကုန်ခန်းနိုင်သည့် သဘာဝ သယံဇာတများ ဖြစ်ကြောင်း၊ သို့ဖြစ်၍ သားစဉ်မြေးဆက် ရေရှည် အကျိုးဖြစ်ထွန်းစေရအောင် တူးဖော် ထုတ်လုပ်ကြရေး ကြပ်မတ်ဆောင်ရွက်ကြရန် လိုကြောင်း၊ ထို့ပြင် နိုင်ငံတော်၏စီးပွားရေးဦးတည်ချက် (၄)ရပ်အနက် နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေးဆိုသည့် ဦးတည်ချက်နှင့်အညီ ကျောက်မျက်ရတနာလုပ်ငန်းများကို အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်သည့် မိမိတို့တိုင်းရင်းသား လုပ်ငန်း

❒ ရှေ့ဖုံးမှ

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ရှင်များ၏ လက်ဝယ်ရောက်ရှိ ဆောင်ရွက်နိုင်အောင် ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း။

ဝိုင်းဝန်းဆောင်ရွက်

ကျောက်မျက်ရတနာများကို ကုန်ကြမ်းအဖြစ်သာ ရောင်းချနေခြင်းမျိုး မဟုတ်ဘဲ တန်ဖိုးမြင့် (Value Added) ကုန်ချောများအဖြစ် ထိုက်တန်သည့် ဈေးနှုန်းဖြင့် ရောင်းချနိုင်သည့်အဆင့် ရောက်အောင် တွန်းအားပေး ကူညီ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထို့ပြင် ကျောက်စိမ်း၊ ကျောက်မျက်ရတနာ ဈေးကွက်ကို ပြည်တွင်းမှာပင် ခိုင်ခိုင်မာမာ ဖြစ်ထွန်းလာအောင် ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ စနစ်တကျ ဝိုင်းဝန်း ဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီဝင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ကျောက်မျက်ရတနာ လုပ်ငန်းများမှ နိုင်ငံတော်နှင့် ပုဂ္ဂလိကအပိုင်းတို့ အလိုက် ဝင်ငွေရရှိမှုအခြေအနေ၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲများမှ နှစ်အလိုက် ရောင်းချရရှိငွေ၊ မြန်မာ့ကျောက်စိမ်းနှင့် ကျောက်မျက်ဈေးကွက် တိုးတက်လာမှု အခြေအနေ၊ နိုင်ငံတော်နှင့် ပုဂ္ဂလိက အကျိုးတူဆောင်ရွက်လျက်ရှိသည့် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ လုပ်ငန်းများ အခြေအနေနှင့် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များ တူးဖော်ဆောင်ရွက်နေမှု အခြေအနေတို့ကို ပဏာမရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီဝင်များက မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ပြန်လည်ဆွေးနွေး

ထို့နောက် ဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး လိုအပ်သည်များကို မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

သံအမတ် ခန့်အပ်လွှာပေးအပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ကွေလီ၊ အေ၊ ဆုဖာခတ်က နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၂-၂၀၀၇ (စနေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	မိဘမေတ္တာသားလိမ္မာ တရားတော် (မေတ္တာအေး ဆရာတော် အရှင်သုဇာတ)
၈:၀၅	ပျော်ရွှင်ကစားမြွေလှေကား
၈:၄၅	တေးဂီတအစီအစဉ်
၈:၅၀	နာတာရှည်ကျောက်ကပ်အလုပ်မလုပ် သို့မဟုတ် အားနည်းရောဂါအကြောင်း (ဒေါက်တာခင်မောင်ဌေး)
၉:၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၄၅	ပြည်တွင်းသတင်းအကျဉ်း
၉:၅၅	မိုးလေဝသခန့်မှန်းချက်
၁၀:၀၀	အပန်းဖြေစရာ ရန်ကုန်မြစ်တွင်းမှာ
၁၀:၁၅	တေးဂီတအစီအစဉ်
၁၀:၂၀	တစ်ပတ်အတွင်း အားကစားသတင်း
၁၀:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၄၀	စာပေပညာရှင်များ တွေ့ဆုံဆွေးနွေးခြင်း (ဒေါက်တာမတင်ဝင်း)
၁၁:၀၅	တေးဂီတအစီအစဉ်
၁၁:၁၀	ကလေးတို့အတွက် လက်ဆောင် (လေးခုတွဲခွက်၊ စက်ဝိုင်းပုံခွက် ခေါက်နည်း)
၁၁:၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၄၀	ကွန်ချောင်းရေလှောင်တမံနှင့် နွေစပါးစိုက်ပျိုးမှု
၁၁:၅၀	တေးဂီတအစီအစဉ်
၁၁:၅၅	သိစေချင်သည် **ICT (KMD -IDCS Diploma)**
၁၂:၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၁၅	တေးဂီတအစီအစဉ်
၁၂:၂၀	မြန်မာ့လက်မှုယွန်းအနုပညာ
၁၂:၄၀	တေးဂီတအစီအစဉ်
၁၂:၄၅	ထူးခြားသွင်ပြင် သတ္တုပန်းပုရုပ်သွင်
၁:၀၀	MRTV -4 အပိတ် Logo

အထက်ပါခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီ အထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီ အထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၃၀	ပွဲကြိုသုံးသပ်ချက်	5-Sports(Live)
၆:၅၅	Arsenal-Blackburn	5-Sports(Live)
၉:၂၅	Chelsea-Norwich City	5-Series(Live)
	Middlesbrough -West Bromwich	5-Sports(Live)
၁၁:၄၀	Man;Utd-Reading	5-Sports(Live)

ကံ့ရွာ ရွာလယ်ကျောင်းတိုက် မိုးကုတ်ဝိပဿနာစခန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ် ကံ့ရွာတိုက်နယ် ကံ့ရွာ ရွာလယ်ကျောင်းတိုက်တွင် (၁၃၆၈ခု တပေါင်းလဆန်း ၅ရက်) ဖေဖော်ဝါရီ ၂၀ရက်မှစ၍ တပေါင်းလပြည့်နေ့အထိ ၁၀ရက်တိုင်တိုင် မိုးကုတ်ဝိပဿနာစခန်းပွဲကို ရွာလယ်ကျောင်း ဆရာတော်ကြီး၏ စိန်ရတုမွေးနေ့အကြို အထိမ်းအမှတ်ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများနှင့် ဆွမ်း၊ အချိုရည်ဆက်ကပ်လှူဒါန်းလိုသူများသည် အကျိုးဆောင်အဖွဲ့နှင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

စာကြည့်တိုက်၊နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲဖွင့် စာဖတ်ရှုန်မြှင့်တင်ရေးနှင့် ရေရှည်တည်တံ့ရေးဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ယနေ့မွန်းတည့် ၁၂နာရီက ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြိုင်ပွဲနှင့် ဟောပြောပွဲဖွင့်ပွဲ အခမ်းအနား ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်နှင့် ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက် ဥက္ကဋ္ဌ ဦးသန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်က စာဖတ်ရှုန်မြှင့်တင်ရေးနှင့် စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး ဟောပြောသည်။ ဆက်လက်၍ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်အတွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲရုံးနှင့် ရပ်ကွက် အမျိုးသမီးရေးရာအဖွဲ့ရုံးတို့တွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ် စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲများ ဖွင့်လှစ်ပြသခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

အောင်စကြာအရှင်စန္ဒသိရီ တရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

သာကေတမြို့နယ် အောင်စကြာမိုးကုတ်ရိပ်သာကြီး၏ ပြည်တွင်း ပြည်ပသာသနာပြု နယ်လှည့် ဓမ္မကထိက အောင်စကြာ အရှင်စန္ဒသိရီ(ဓမ္မာစရိယ)သည် ဖေဖော်ဝါရီ ၁၇၊ ၁၈ ရက်များတွင် ဖျာပုံမြို့ မဟာပုညာရာမတိုက် မင်းကျောင်း ဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပန၊ ၁၉ ရက်တွင် သုဝဏ္ဏမြို့ ဗလမင်းထင်လမ်း၊ ၂၁ ရက်တွင် ဂွတ္တလစ်အရှေ့ ဈေးဟောင်းလမ်း ဝါတွင်းဝါပ နိဗ္ဗာန်ဆော်ဆွမ်းလောင်း အသင်း ဆွမ်းအောင်ပွဲ၊ ဖေဖော်ဝါရီ ၂၁ရက်မှ မတ် ၂ရက်အထိ သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ရိပ်သာကြီး၌ ဦးလှမင်းထွန်း-ဒေါ်ဌေးဌေးလွင်မိသားစုတို့၏ ၁၀ ရက် တရားစခန်းပွဲ၊ ဖေဖော်ဝါရီ ၂၆ ရက်တွင် သာကေတမြို့နယ် ၂/မြောက်ရပ်ကွက် ဓမ္မစေတီဘုရားပွဲတော်နှင့် ဖေဖော်ဝါရီ ၂၇ရက်တွင် ကွမ်းခြံကုန်းမြို့ ဘုရားကြီးပွဲတော် ဓမ္မသဘင်တို့၌ သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

ကန်ကာကွယ်ရေးဝန်ကြီး၏ ပြောကြားချက်ကို ဖြေရှင်းရန် ရုရှားတောင်းဆို

မော်စကို ဖေဖော်ဝါရီ ၁၆

အမေရိကန် ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်၏ ပြောကြားချက်နှင့် စပ်လျဉ်း၍ အမေရိကန်နိုင်ငံ အနေဖြင့် ဖြေရှင်းချက်ပေးရန် ရုရှားနိုင်ငံက တောင်းဆိုလိုက်ကြောင်း ရုရှားနိုင်ငံခြားရေးဌာနက ဖေဖော်ဝါရီ ၁၂ရက်တွင် ကြေညာသည်။

ရုရှားနိုင်ငံသည် အန္တရာယ်ပြု ခြိမ်းခြောက်လာနိုင်သည့်နိုင်ငံဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီး၏ ဝေဖန်ပြောကြားချက်မှာ အမေရိကန်အစိုးရ၏ တရားဝင် ရပ်တည်ချက်သဘောထား ဟုတ်၊ မဟုတ် ရှင်းလင်းဖြေကြားရန် ရုရှားက အမေရိကန်ပြည်ထောင်စုအားမေးမြန်းထားသည်ဟု ရုရှား နိုင်ငံခြားရေး ဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ မီခေးလ်ကာမီနင်က ပြောကြားသည်။

အမေရိကန်အနေဖြင့် အင်အားအသုံးပြုမှုကိုမထိန်းချုပ်သလောက်ရှိမှုအတွက် မြူးနစ်လုံခြုံရေးညီလာခံတွင် ရုရှား သမ္မတပူတင်က အမေရိကန်ကို ပြစ်တင်ရှုတ်ချခဲ့သည်။ အမေရိကန်အစိုးရကထိုသို့မဟုတ်ကြောင်းချက်ချင်းတုံ့ပြန် ငြင်းဆိုခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကနေဒါနိုင်ငံ အွန်တာရီအိုမြို့ရှိ မော်တော်ကား ထုတ်လုပ်ရေး လုပ်ငန်းခွင်တစ်နေရာကို ဖေဖော်ဝါရီ ၁၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရင်သားကင်ဆာ ဖြစ်ပွားမှု ဆေးပုံမှန်သုံးစွဲခြင်းဖြင့် ကာကွယ်နိုင်



လန်ဒန် ဖေဖော်ဝါရီ ၁၆

အမျိုးသမီးများတွင် ဖြစ်ပွားမှုများပြားသော ရင်သားကင်ဆာကို ဆေးဝါးကုသမှုခံယူခြင်းဖြင့် လျော့ပါးသက်သာစေကြောင်း၊ သို့သော် နှစ်အတန်ကြာ ဆေးဝါးသောက်သုံးမှု ပြုလုပ်ရန် လိုအပ်ကြောင်း လန်ဒန် သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

တာမိုစီဖန်ကဲ့သို့သော ရင်သားကင်ဆာ ဆဲလ်များကို (အပေါ်ပုံ) **ဟန့်တားပေးနိုင်သည့် ဆေးဝါးများကိုနှစ်နှစ်မှ သုံးနှစ်ကြာအောင် ပုံမှန်သောက်သုံးသွားပါက ရင်သားကင်ဆာ ဖြစ်ပွားမှု ၁၇ရာခိုင်နှုန်း လျော့ကျစေနိုင်ကြောင်း စမ်းသပ်တွေ့ရှိရသည်ဟု လန်ဒန် သုတေသနပညာရှင် ဒေါက်တာ အလက်ဝဲလ်လက်က ပြောကြားသည်။**

ရင်သားကင်ဆာ ဆဲလ်များဖြစ်ပွားမှုကို ထိရောက်စွာ ဟန့်တားနိုင်သည့် တာမိုစီဖန်ကဲ့သို့ ဆေးဝါးသုံးစွဲသည့် အမျိုးသမီး ၃၁၀၀၀ကို သုတေသနပြုခဲ့ရာ ၃၃ရာခိုင်နှုန်းသော အမျိုးသမီးများသည် ရင်သားကင်ဆာ ဖြစ်ပွားမှု မရှိခဲ့ကြောင်း၊ ၎င်းအမျိုးသမီးများသည် သုံးနှစ်ခန့် ဆေးဝါးပုံမှန်သောက်သုံးခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါ ဆေးဝါးသုံးစွဲမှုကြောင့် တစ်လလျှင် ပေါင် ၈၀ခန့် ကုန်ကျပြီး သုံးနှစ်အတွက် ပေါင်၃၀၀၀ခန့် ကုန်ကျမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက် ပြောကြားသည်။ (အင်တာနက်)

ကြက်ငှက်တုပ်ကွေးရောဂါ ဟောင်ကောင်၌ တွေ့ရှိ

ဟောင်ကောင် ဖေဖော်ဝါရီ ၁၆

ဟောင်ကောင်၌ ကြက်ငှက်တုပ်ကွေးရောဂါပိုးရှိ ငှက်နှစ်ကောင် လွန်ခဲ့သော သီတင်းပတ်က ယင်းမြို့၌ သေဆုံးလျက် တွေ့ရှိရကြောင်း ဟောင်ကောင်က ဖေဖော်ဝါရီ ၁၃ရက်၌ အတည်ပြုပြောကြားကြောင်း၊ ယခုအခါ ယင်းမြို့၌သေဆုံးသည့် ငှက်အရေအတွက် ၁၀ကောင်အထိ ရှိသွားပြီဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြထားသည်။

အဆိုပါငှက်များကို ဖေဖော်ဝါရီ ၇ရက်က မောင်ကော့ဒေသ၌ တွေ့ရှိခဲ့ရာမှ စမ်းသပ် စစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်း စိုက်ပျိုးရေး၊ ငါးလုပ်ငန်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနက ပြောကြားသည်။

ကြောက်စရာ

H_5N_1 ဗိုင်းရပ်စ်ပိုးသည် ၁၉၉၇ ခုနှစ်က လူသို့ ကူးစက်နိုင်ကြောင်း ဟောင်ကောင်၌ ပထမဆုံး တွေ့ရှိခဲ့သည်။ သို့သော်လည်း လူတစ်ဦးမှ တစ်ဦးသို့ လွယ်ကူစွာ ကူးစက်ခြင်း မရှိကြောင်း၊ သို့ရာတွင် ယင်းဗိုင်းရပ်စ်ပိုးအဆင့်မြင့်လာပါက လူသန်းချီ သေဆုံးနိုင်၍ ကြောက်စရာကောင်းကြောင်း ၎င်းဦးစီးဌာနက ဆက်လက် ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

တရုတ်နိုင်ငံ နန်နင်းမြို့ရှိ ကွမ်စီဆေးတက္ကသိုလ်တွင် ဆောက်လုပ်ဆဲစာကြည့်တိုက် အဆောက်အအုံပြိုကျရာ မီးသတ်တပ်ဖွဲ့ဝင်များ ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေကြသည်ကို ဖေဖော်ဝါရီ ၁၂ရက်က တွေ့ရစဉ်။

(အဆိုပါ အဆောက်အအုံ ပြိုကျမှုကြောင့် ခုနစ်ဦး သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း သိရသည်။) **(ဓာတ်ပုံ-အင်တာနက်)**

ရထားတိုက်မိသဖြင့် လေးဦးသေဆုံး

ရီယိုဒီဂျနေရိုး ဖေဖော်ဝါရီ ၁၆

ဘရာဇီးနိုင်ငံ ဆော်ပေါလိုမြို့အနီး ဘာရိတပ်စ်၌ ဖေဖော်ဝါရီ ၁၁ရက်က အမြန်မီးရထားတစ်စင်း အရှိန်ဖြင့် မောင်းနှင်လာစဉ် မီးရထားလမ်းပေါ်၌ အိပ်ပျော်နေသောလူလေးဦးကို တက်ကြိတ်မိ၍ သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဆော်ပေါလိုမြို့မှ ၂၄၅ကီလိုမီတာ အကွာ၌ ယင်းနေ့ နံနက်စောစောပိုင်းတွင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ လေးဦးထဲတွင် ဆယ်ကျော်သက်အရွယ် ညီအစ်ကိုနှစ်ဦးပါဝင်ကြောင်း၊ ၎င်းတို့မှာ ရထားလမ်းပေါ်၌ အိပ်ပျော်နေခြင်းကြောင့် ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဟော်မုန်းဓာတ်မညီမျှချိန်၌ အမျိုးသမီးများ ပိုမိုဒဏ်ရာရရှိနိုင်

လန်ဒန် ဖေဖော်ဝါရီ ၁၆

အမျိုးသမီးများအနေဖြင့် ဓမ္မတာလာချိန်တွင် ထိခိုက်ဒဏ်ရာရရှိမှုများ ပိုမိုဖြစ်ပွားတတ်ကြကြောင်း လန်ဒန်မြို့ ပို့တ်လန်ဆေးရုံမှ သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

အမျိုးသမီး ၁၀၀၀ကို သုတေသနပြုခဲ့ရာ ဓမ္မတာလာချိန်တွင် ထိခိုက်ဒဏ်ရာရရှိသူ ၁၇ဦးခန့် ရှိကြောင်း၊ ထိုသို့ဖြစ်ရခြင်းမှာ ၎င်းအချိန်တွင် ခန္ဓာကိုယ် အစိတ်အပိုင်းများရှိ ကြွက်သားများနှင့် အရွတ်များသို့ ဟော်မုန်းဓာတ်များ ရောက်ရှိမှု မျှတမှုမရှိခြင်းကြောင့် ဖြစ်ကြောင်း ဒေါက်တာ စတီဖင်စင်ဒါက ပြောကြားသည်။

ထိုသို့ ဟော်မုန်းဓာတ်များရောက်ရှိမှု မမျှတသဖြင့် အရွတ်များ၊ ကြွက်သားများနှင့် အကြောများပုံမှန်လှုပ်ရှားမှု မပြုလုပ်နိုင်သဖြင့် အမျိုးသမီးများ ထိုကာလ၌ ထိခိုက်ဒဏ်ရာရရှိမှု ပိုမိုဖြစ်ပေါ်စေနိုင်ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထို့ကြောင့် အဆိုပါအချိန်တွင် အမျိုးသမီးများ သွားလာလှုပ်ရှားမှု အထူးသတိထားသင့်ကြောင်းလည်း သုတေသနပညာရှင်များက အကြံပြုထားသည်။ **(အင်တာနက်)**

ဂျပန်နိုင်ငံ ဆာပိုရိုမြို့တွင် ကျင်းပသည့် (၅၈) ကြိမ်မြောက် ဆာပိုရိုနှင်းပွဲတော်ကို ဖေဖော်ဝါရီ ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်-အိန္ဒိယ မဟာဗျူဟာကျကျ ပူးပေါင်းဆောင်ရွက်ရေး နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ ဆွေးနွေး

နယူးဒေလီ ဖေဖော်ဝါရီ ၁၆

တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံအကြား မဟာဗျူဟာကျကျ နက်နက်ရှိုင်းရှိုင်း ပူးပေါင်းဆောင်ရွက်သွားရန် တရုတ်နိုင်ငံခြားရေးဝန်ကြီး လီကျောက်ရှင်းနှင့် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ပရာနပ်မူခါဂျေးတို့ နယူးဒေလီမြို့တွင် ဖေဖော်ဝါရီ ၁၃ ရက်၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ပြီးခဲ့သည့် နိုဝင်ဘာလက တရုတ်သမ္မတ ဟူကျင်တော်၏ အိန္ဒိယနိုင်ငံခရီးစဉ်နှင့် မကြာမီက တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်နှင့် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းတို့ ၏ဖိလစ်ပိုင်နိုင်ငံတွင် တွေ့ဆုံဆွေးနွေး ခဲ့မှုများက နှစ်နိုင်ငံဆက်ဆံရေး တိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုများကို ပိုမိုရရှိစေခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး လီကျောက်ရှင်းက တွေ့ဆုံဆွေးနွေးပွဲ၌ ပြောကြားသည်။

နှစ်နိုင်ငံတို့အနေဖြင့် အနာဂတ်ကာလတွင် မဟာဗျူဟာကျသော မိတ်ဖက်နိုင်ငံများဖြစ်ရေးနှင့် အပြန်အလှန်ဆက်ဆံရေး တိုးမြှင့်လာစေရေးတို့အတွက် မည်သို့ဆောင်ရွက်ရသင့်သည်ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် နားလည်မှုရှိခဲ့ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

လက်မှတ်ရေးထိုး

တရုတ်နိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံနှင့်အတူ မဟာဗျူဟာကျကျ ပူးပေါင်းဆောင်ရွက်နိုင်မှုများပြုလုပ်ရန် ဆန္ဒရှိနေကြောင်း၊ ထိုသို့ဆောင်ရွက်ကြရန်လည်း တရုတ်သမ္မတဟူကျင်တော်၏ အိန္ဒိယနိုင်ငံ အလည်အပတ်ခရီးစဉ်အတွင်း သဘောတူလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်းလည်း တရုတ်နိုင်ငံခြားရေးဝန်ကြီး လီကျောက်ရှင်းက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဆိုမာလီယာ၌ အမေရိကန်တို့ စွက်ဖက်မှု တောင်အာဖရိကနိုင်ငံက ဆန့်ကျင်ကန့်ကွက်

ဂျိုဟန်နစ္စဘတ် ဖေဖော်ဝါရီ ၁၆

ဆိုမာလီယာနိုင်ငံတွင် အမေရိကန်၏ မည်သည့်စွက်ဖက်မှုမျိုးကိုမဆို တောင်အာဖရိကနိုင်ငံအနေဖြင့် ဆန့်ကျင်ကြောင်း ကာကွယ်ရေးဝန်ကြီး မိုစီအောလီကိုတာက ဖေဖော်ဝါရီ ၁၄ရက်၌ ပြောကြားလိုက်သည်။

လီကိုတာက ကိတ်တောင်းမြို့ရှိ ပါလီမန်သို့တက်ရောက်စဉ် မီဒီယာများသို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

ပြောကြား

အမေရိကန်နိုင်ငံသည် ဆိုမာလီယာ၌ သမိုင်းကံကြမ္မာဆိုးနှင့် ကြုံရနိုင်ကြောင်း၊ ပဋိပက္ခဖြေရှင်းရေး ကြိုးပမ်းမှု အသစ်တစ်ဖန် မပြုလုပ်သင့်ကြောင်း အဆိုပါကာကွယ်ရေးဝန်ကြီးက ပြောကြားလိုက်သည်။

တောင်အာဖရိကအစိုးရ အနေဖြင့် အမေရိကန်နိုင်ငံအတွက် စိုးရိမ်မိကြောင်း၊ သို့ရာတွင် တရားဝင် အသိပေးခြင်း မရှိသေးကြောင်း ၎င်းက ပြောကြားသည်။

ဆောင်ရွက်

တောင်အာဖရိကနိုင်ငံ အနေဖြင့် ဆိုမာလီယာနိုင်ငံသို့ ငြိမ်းချမ်းရေး တိုးတက်မှုရရှိရေး ကူညီဆောင်ရွက်ပေးနေကြောင်း ယင်းဝန်ကြီးက ဆက်လက်ပြောကြားသည်။

အမေရိကန်တို့သည် ၁၉၉၂ခုနှစ်က အစားအစာကူညီပေးရေးတပ်ဖွဲ့ဖြင့် စတင်ခဲ့သည့် ကြိုးပမ်းမှုမအောင်မြင်ခဲ့ပြီးနောက် ၁၉၉၄ခုနှစ်မှစပြီး ဆိုမာလီယာ၌ အမေရိကန်တို့ မရှိသင့်တော့ကြောင်းလည်း ၎င်းကပြောကြားသည်။

သေဆုံးခဲ့

၁၉၉၃ခုနှစ် အောက်တိုဘာလတွင် ဆိုမာလီယာနိုင်ငံ၏ မြို့တော်မိုဂါဒစ်ရှူး၌ တိုက်ပွဲ ဖြစ်ပွားခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင် ၁၈ဦးနှင့် ဆိုမာလီယာတပ်ဖွဲ့ဝင်အနည်းဆုံး ၃၀၀ သေဆုံးခဲ့ရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပြေးဆွဲ

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ပြေးဆွဲလျက်ရှိသည့် နှစ်ထပ်ဘတ်စ်ကားတစ်စီးကို ဖေဖော်ဝါရီ ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

တရုတ်နိုင်ငံတွင် နှစ် ၂၀အတွင်း ခရီးသည်တင်လေယာဉ် ၃၀၀၀ခန့် လိုအပ်မည်

ပေကျင်း ဖေဖော်ဝါရီ ၁၆

တရုတ်နိုင်ငံအနေဖြင့် လာမည့် နှစ်၂၀တွင် ခရီးသည်တင်လေယာဉ်အစင်း ၃၀၀၀ လိုအပ်လာမည်ဖြစ်ကြောင်း အဲဘတ်စ်လေကြောင်းလုပ်ငန်းအကြီးအကဲ ဂျွန်လီဟေက ပြောကြားလိုက်သည်။

ခရီးသွားများ တိုးတက်များပြားလာသဖြင့် ၂၀၀၅ခုနှစ်တွင် ခရီးသည်တင်လေယာဉ်အစင်း ၇၆၀မှ ၂၀၂၅ခုနှစ်တွင် ခရီးသည်တင် လေယာဉ်အစင်း ၂၇၀၀အထိ တိုးမြှင့်လာမည်ဖြစ်ကြောင်း၊ ခရီးသည်တင် လေယာဉ်အစင်း ၂၆၅၀ အတွက် ကုန်ကျငွေမှာ အမေရိကန်ဒေါ်လာ ၂၈၉ဘီလီယံခန့်ရှိမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

တိုးမြှင့်

ထို့အတူ ၂၀၂၅ခုနှစ်တွင် ကုန်တင်လေယာဉ်ကြီးများလည်း ခြောက်ဆခန့် အရေအတွက် တိုးမြှင့်လာမည်ဖြစ်ပြီး ကုန်တင်လေယာဉ်စင်းရေ ၄၀၀ခန့်လိုအပ်လာမည် ဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့် လာမည့် နှစ် ၂၀အတွင်း လေကြောင်းမှ ပြည်တွင်းနှင့်နိုင်ငံတကာ ကုန်စည်စီးဆင်းမှုမှာ ၁၀ဒသမ ၉ရာခိုင်နှုန်းနှင့် ၈ဒသမ ၉ရာခိုင်နှုန်းအကြား တိုးတက်လာမည်ဖြစ်သည်ဟုလည်း ဂျွန်လီဟေက ပြောကြားသည်။

ဖြည့်ဆည်း

အဲဘတ်စ်အနေဖြင့် လာမည့် ၂၀၁၁ခုနှစ်တွင် လေယာဉ်လိုအပ်မှု၏ ၅၀ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးနိုင်မည်ဟု မျှော်မှန်းထားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ရုရှားတင်းနစ်မယ် ရှာရာပိုဗာ ချန်နိုဘိုင်းလ်ဒုက္ခသည်များအတွက် ငွေလှူဒါန်း

ဂျီနီဗာ ဖေဖော်ဝါရီ ၁၆

ကမ္ဘာ့ထိပ်တန်း တင်းနစ်မယ်မာရီယာရှာရာပိုဗာသည် ကုလသမဂ္ဂဖွံ့ဖြိုးရေး ရန်ပုံငွေအဖွဲ့၏ ချစ်ကြည်ရေး သံတမန်ဖြစ်လာပြီး ချန်နိုဘိုင်းလ် နျူကလီးယားဘေး ဒုက္ခကြုံတွေ့ခဲ့ရသူများအတွက် အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ ကို ဖေဖော်ဝါရီ ၁၄ ရက်က လှူဒါန်းခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ပေးအပ်

အသက် (၁၉)နှစ်ရှိ ရှာရာပိုဗာက ၁၉၈၆ခုနှစ် ဧပြီလက ချန်နိုဘိုင်းလ် နျူကလီးယားဓာတ်အားပေးစက်ရုံ ပေါက်ကွဲမှုကြောင့် ရောဂါဝေဒနာခံစားနေရသည့် ဘီလာရုစ်၊ ရုရှားနှင့် ယူကရိန်းတို့မှ လူငယ်များအား ထောက်ပံ့ကူညီရန် အဆိုပါငွေကြေးကို ပေးအပ်ခဲ့သည်။

ပျံ့နှံ့

ယင်းဖြစ်ရပ်မှာ ယူကရိန်း၌ အဆိုးရွားဆုံးနျူကလီးယား မတော်တဆမှုကြီးဖြစ်ပြီး ရေဒီယိုဓာတ်သတ္တိကြွအမှုန့်များ ဥရောပတစ်လွှား ပျံ့နှံ့သွားခဲ့သည်။ အထူးသဖြင့် ရုရှားနှင့်ဘီလာရုစ်တို့ ဖြစ်ကြသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

သားကောင်ကိုတိုက်ခိုက်သည့်အခါ ပြည်ကြီးငါးတို့အလင်းရောင် ထုတ်လွှတ်

လန်ဒန် ဖေဖော်ဝါရီ ၁၆

ပင်လယ်ပြင် ရေနက်ပိုင်းနေ ပြည်ကြီးငါးတို့သည် သားကောင်ကို တိုက်ခိုက်သည့်အခါ အင်အားကြီးသော ပြိုးပြိုးပြက်ပြက် အလင်းရောင် ထုတ်လွှတ်ကြောင်း သုတေသနပြု တွေ့ရှိသည်ဟုဆိုသည်။



မြောက်ပစိဖိတ်ဒေသရှိ ချီချီဂျီးမားကျွန်း ကမ်းလွန်ရေနက်ပိုင်းမှ ပြည်ကြီးငါးများက ထူးထူးခြားခြား အလင်းရောင်များ ထုတ်လွှတ်သည်ကို ရိုက်ကူးထားသည့် ဗီဒီယိုရိုက်ကူးထားမှုတွင် တွေ့မြင်ရသည်။

တောက်ပသော အလင်းရောင်ကို သားကောင်များ မျက်စိလည် လမ်းပျောက်သွားစေရန် ပြည်ကြီးငါးများက အသုံးပြု၍ လိုက်လံတိုက်ခိုက်ခြင်းဖြစ်သည်ဟု ဂျပန်သိပ္ပံပညာရှင်များက ပြောဆိုသည်။

ထုံထုံတုန်တုန်ဟု ယခင်က ထင်ရသည့် ပြည်ကြီးငါးများသည် ရန်မူကြမ်းကြုတ်သော သားရဲတိရစ္ဆာန်များအဖြစ် ဗီဒီယိုတွင် တွေ့ရသည်။

ကူးခတ်နိုင်

အရှည် ခုနစ်ပေအထိရှိနိုင်သည့် ပြည်ကြီးငါးများသည် ကြီးမားသန်မာသော ဆူးတောင်ကြီးများဖြင့် ရေထဲတွင် ရှေ့နောက်လျင်မြန်စွာ ကူးခတ်နိုင်ကြောင်း တွေ့ရသည်။ **(အင်တာနက်)**

ဂျပန်ရှိ ကန်စစ်အခြေစိုက်စခန်းအနီး ပေါက်ကွဲမှုဖြစ်ပွား

တိုကျို ဖေဖော်ဝါရီ ၁၆

ဂျပန်နိုင်ငံရှိ အမေရိကန် စစ်အခြေစိုက်စခန်းအနီး၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ ထိခိုက်ဒဏ်ရာရရှိမှုကို သတင်းမရရှိသေးကြောင်း ရဲတပ်ဖွဲ့ဝင်တစ်ဦးက ဖေဖော်ဝါရီ ၁၃ ရက်၌ ပြောကြားသည်။

ရဲတပ်ဖွဲ့၏ စုံစမ်းစစ်ဆေးချက်အရ တိုကျိုမြို့အနောက်တောင်ဘက် မီတာ ၃၀၀ အကွာအမေရိကန်စစ်အခြေစိုက် စခန်းအနီး ဝန်းကျင်၌ မသင်္ကာဖွယ်ရာ အပိုင်းအစနှစ်ခုကို တွေ့ရှိကြောင်း၊ တစ်ချိန်တည်းမှာပင် ကန်စစ်အခြေစိုက်စခန်းဝန်းကျင်၌ ပေါက်ကွဲမှုထပ်မံ ဖြစ်ပွားခဲ့သည်။ အမေရိကန်စစ်အခြေစိုက်စခန်းသည် တိုကျိုမြို့အနောက်တောင်ဘက် ၂၅ မိုင်အကွာ၌ တည်ရှိသည်။

စုံစမ်းစစ်ဆေးမှုအရ အဆိုပါ ပေါက်ကွဲမှုသည် မသင်္ကာဖွယ်ရာ ၎င်းအပိုင်းအစများမှ ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ကျိုဒိုသတင်းဌာနက ဖော်ပြသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

အကြီးဆုံး ရေခဲပြင်ငါး

အကြီးဆုံး ရေခဲပြင် ငါးတစ်ကောင်ကို လူတစ်ဦးနှင့်ယှဉ်ကာ တွေ့ရစဉ်။ (ဝဲပုံ)

မြောက်ကာရိုးလိုင်းနားပြည်နယ် ဝီကွန်ဆင်မြို့ရှိ ဝင်နီဘာဂိုရေအိုင်ကြီး၏ ရေခဲပြင်အောက်မှ ဖမ်းဆီးမိသော ငါးတစ်ကောင်သည် အရှည် ၇၂ လက်မရှိပြီး အလေးချိန် ၁၀၂ပေါင်ခန့်ရှိရာ ဖမ်းမိသမျှ ရေခဲပြင်ငါးများ၌ အကြီးဆုံးဖြစ်ကြောင်း သိရသည် **(အင်တာနက်)**

ယူကရိန်း၌ ဘိန်းဖြူ ၁၂၅ကီလိုဖမ်းမိ

ကိဗ်ယက် ဖေဖော်ဝါရီ ၁၆

ယူကရိန်းနိုင်ငံတောင်ပိုင်းမှ ဘိန်းဖြူ ၁၂၅ကီလိုကို ယူကရိန်း လုံခြုံရေးအဖွဲ့က ဖမ်းဆီးလိုက်ကြောင်း ဖေဖော်ဝါရီ ၁၂ရက်တွင် ထုတ်ပြန်ကြေညာသည်။

တင်ပို့

ယူကရိန်းနိုင်ငံသည် အာဖဂန်နစ္စတန်နိုင်ငံမှ ဘိန်းနှင့်ဘိန်းဖြူများကို ဥရောပသို့ တင်ပို့ရာ၌ မူးယစ်ဆေးဝါး မှောင်ခိုသမားများ ဖြတ်သန်းလေ့ရှိသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ကမ္ဘာ့အရှည်ဆုံး မော်တော်ဆိုင်ကယ်

ကမ္ဘာ့ အရှည်ဆုံး မော်တော်ဆိုင်ကယ်တစ်စီးကို တွေ့ရစဉ်။

(ယာပုံ)

နယ်သာလန်နိုင်ငံ ဒီလက်ဖ်မြို့တွင် စက်မှုအင်ဂျင်နီယာများက တီထွင် ပြုလုပ်ထားသော မော်တော်ဆိုင်ကယ်တစ်စီးသည် အရှည် ၉၂ ပေ နှစ်လက်မရှိရာ ကမ္ဘာ့အရှည်ဆုံး ဆိုင်ကယ်တစ်စီး ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ဖေဖော်ဝါရီ ၁၃ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)မှ Country Director and Representative ဖြစ်သူ Mr. Christopher Kaye လာရောက်တွေ့ဆုံစဉ်။ (လဝက)

မိုင် ၁၀၀၀ ခရီးရှည်စက်ဘီးစီးပြိုင်ပွဲ တောင်တွင်းကြီး–မကွေးခရီးစဉ်ယှဉ်ပြိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ရန်ကုန်–ပြည်–မန္တလေး–ရန်ကုန် မိုင် ၁၀၀၀ ခရီးရှည် အမျိုးသား စက်ဘီးစီးပြိုင်ပွဲ၏ တောင်တွင်းကြီး–မကွေး ခရီးစဉ်ကို ဖေဖော်ဝါရီ ၁၅ရက် နံနက်က တောင်တွင်းကြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ဦးက သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးသည်။

သောင်းသောင်းဖြဖြကြိုဆို

ပြိုင်ပွဲဝင်စက်ဘီးအားကစားသမားများသည် တောင်တွင်းကြီးမြို့ အထွက်မှ ဗိသနိုးရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ၊ ကုက္ကိုခွသစ်ရာကောက်၊ ယင်းချောင်းတံတားတို့ကို ဖြတ်သန်းပြီး မကွေးမြို့သို့ နံနက် ၈ နာရီခွဲခန့်တွင် ရောက်ရှိပန်းဝင်ကြသည်။ တောင်တွင်းကြီး မကွေးခရီးစဉ်စက်ဘီးစီးပြိုင်ပွဲ၏ ဖြတ်သန်းရာ လမ်းတစ်လျှောက်၌ ပြည်သူများက လမ်းဘေးဝဲယာမှ သောင်းသောင်းဖြဖြ ကြိုဆိုအားပေးကြသည်။

တောင်တွင်းကြီးမြို့မှ ပြိုင်ပွဲဝင် ၈၀ တာထွက်ယှဉ်ပြိုင်ရာ မကွေးမြို့သို့ ၇၈ ဦး အောင်မြင်စွာ ပန်းဝင်နိုင်ကြသည်။ မကွေးမြို့သို့ ဦးဆောင်ပန်းဝင်နိုင်သူ သုံးဦးမှာ မြင့်အေး (ဘဏ္ဍာ/အခွန်)က ပထမ၊ ဝင်းလှိုင် (လယ်/ဆည်)က ဒုတိယ၊ သက်နိုင်ဦး(ဘဏ္ဍာ/အခွန်)က တတိယရရှိကြသည်။

ပေးအပ်ချီးမြှင့်

တောင်တွင်းကြီး –မကွေးခရီးစဉ်အတွက် ဆုပေးပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် မကွေးတက္ကသိုလ် ဗိသနိုးအမျိုးသားဆောင်၌ ကျင်းပရာ မကွေးတိုင်းအားကစားနှင့်ကာယပညာ ဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက တတိယရရှိသော သက်နိုင်ဦး (ဘဏ္ဍာ/အခွန်)အား ငွေကျပ်တစ်သောင်း၊ မကွေးတိုင်းအားကစားနှင့်ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှဝင်းက ဒုတိယရရှိသော ဝင်းလှိုင် (လယ်/ဆည်)အား ငွေကျပ်နှစ်သောင်းနှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး တိုင်းအုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းက ပထမရရှိသော မြင့်အေး (ဘဏ္ဍာ/အခွန်)အား အဝါရောင် အင်္ကျီနှင့် ငွေကျပ်သုံးသောင်းတို့ကို ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

စာအောင်ဆုနှင်းသဘင် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ဒဂုံမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိ သဒ္ဓမ္မဟိတ စာမေးပွဲကြီး၏ (၂၆)ကြိမ်မြောက် စာအောင်ဆုနှင်းသဘင် မင်္ဂလာအခမ်းအနားကို မဟာဓမ္မရံသီ အိမ်တော်ရာစေတီ ရတနာဗိမာန်တော် အိမ်တော်ရာ ဘုရားဝင်းတွင် ဖေဖော်ဝါရီ ၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဘဏ္ဍာ/အခွန်ဝန်ကြီးဗိုလ်ချုပ်လှထွန်းအား ကမ္ဘာ့ဘဏ်အမှုဆောင်ဒါရိုက်တာတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား ကမ္ဘာ့ဘဏ် အရှေ့တောင်အာရှ မဲပေးအုပ်စု၏ အမှုဆောင်ဒါရိုက်တာ Mr. Mat Aron Deraman သည် ဖေဖော်ဝါရီ၁၄ ရက် ညနေပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး၏ ဧည့်ခန်းသို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးသန်းညိမ်းနှင့် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးနွယ်နှင့် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၇–၂–၂၀၀၇ ရက် (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၁၀ ၆။ တေးဂီတအစီအစဉ်
- ၈:၃၀ ၇။ International News
- ၈:၄၅ ၈။ Grammar made Easy

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ ပြည်တွင်းသတင်း
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၁:၅၅ ၄။ **“မြေပြန့်တောင်ပေါ် ပင်လယ်တောင်တန်း”** ရုပ်မြင်သံကြားဝန်ထမ်းများ (ဒါရိုက်တာ–မျိုးအေး)
- ၁၂:၅၀ ၅။ ဘာသာစကားသင်ကြားလေ့လာ တက္ကသိုလ်မှာ
- ၁၃:၀၅ ၆။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်ပတ်လည် ဂုဏ်ပြုအငြိမ့် မင်းသမီး–စုလေးညို၊ ခိုင်သဇင်သင်း၊ လူရွှင်တော်–ဝင်းနိုင် (အနုပညာ)၊ ဇရော၊ ဗေဒါ၊ ထင်ပေါ်၊ အုန်းသီး၊ ငွေတောင်
- ၁၄:၄၅ ၇။ International News

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၁၆:၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
- ၁၆:၅၀ ၅။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၇:၀၀ ၆။ **“ရိုးသားစွာ ကြိုးစားပါ”** ထွန်းထွန်းဝင်း၊ ဦးစောနိုင် (ရှမ်းပြည်)၊ ဦးရဲစိန်၊ ကြည်စိုး(IC)၊ မြင့်မြင့်ခိုင်၊ ဟိဏ်းထက်ဇော်၊ ဝိုယ၊ မောင်သူရဦး (ဒါရိုက်တာ–မြင့်စိုး၊ ဝ/သ ရန်ကုန်)
- ၁၇:၃၀ ၇။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၁၈:၀၀ ၈။ ညနေခင်းသတင်း
- ၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၀။ အလှရှာမယ် လှကမ္ဘာဝယ်
- ၁၉:၀၀ ၁၁။ တွေ့ဆုံဆွေးနွေးရေး၊ တွေ့ဆုံဆွေးနွေးရေးဟုဆိုကာ (အပိုင်း–၂)
- ၁၉:၁၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **“သမားတော်”** (အပိုင်း–၂)
- ၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **“လှပသောနေ့ရက်များ”** (အပိုင်း–၂၅)

ရန်ကုန်တက္ကသိုလ် (၁၉၆၉–၇၃) မြန်မာစာအဓိက ကျောင်းသားကျောင်းသူများ၏ အငြိမ်းစား ဆရာ၊ဆရာမကြီး ၁၃ဦးတို့အား ပဉ္စမအကြိမ် အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပစဉ်။ (က–ပ)



ကန်စွန်းရွက်စားသုံးခြင်းဖြင့် ကင်ဆာရောဂါဟန့်တားနိုင်

လူတို့အနေဖြင့် ကန်စွန်းရွက်ကို ပုံမှန်စားသုံးသွားပါက ကင်ဆာရောဂါ မဖြစ်ပွားနိုင်ကြောင်း၊ ကန်စွန်းရွက်တွင် ပါဝင်သောဓာတ်များက ကင်ဆာရောဂါ ဖြစ်ပွားမှုအနေအထားများကို ဟန့်တားပေးနိုင်ကြောင်း လန်ဒန်သုတေသနပညာရှင်များက ထုတ်ပြန်သော သုတေသနပြုချက်တစ်ရပ်၌ ဖော်ပြလိုက်သည်။

ကာကွယ်နိုင်

ကန်စွန်းရွက်တွင် ပါဝင်သောဓာတ်များက ကင်ဆာရောဂါဖြစ်ပွားစေနိုင်သော လူတို့၏သွေးအတွင်းရှိ ဆဲလ်များပျက်စီးမှုကို ထိရောက်စွာ ကာကွယ်ပေးနိုင်သည်ဟု လန်ဒန်သုတေသနပညာရှင်များက ပြောကြားသည်။

ထို့အပြင် လူတို့သွေးထဲ၌ အကျိုးပြုဓာတ်ပစ္စည်းများဖြစ်တည်မှု အနေအထားကိုလည်း မြင့်မားတိုးတက်စေပြီး အဆိပ်အတောက်ဖြစ်စေမည့် ဓာတ်ပစ္စည်းများကိုလည်း ဖယ်ရှားပေးနိုင်အောင် ကန်စွန်းရွက်တွင် ပါဝင်သောဓာတ်များက အကျိုးပြုစေကြောင်း အဆိုပါ သုတေသနပြုချက်၌ ဖော်ပြထားသည်။

လျော့နည်းကျဆင်း

ကန်စွန်းရွက်တွင် ပါဝင်သော ဓာတ်များသည် လူတို့၏ခန္ဓာကိုယ်အတွင်း ဖြစ်ပွားနိုင်သည့် အမျိုးမျိုးသော ကင်ဆာရောဂါများဖြစ်ပွားမှုကို ကာကွယ်နိုင်ပြီး ကင်ဆာရောဂါဖြစ်ပွားမှုကို လျော့နည်းကျဆင်းခြင်းနှင့် ကန်စွန်းရွက်စားသုံးခြင်းတို့ ဆက်စပ်လျက်ရှိကြောင်း တွေ့ခဲ့ကြသည်ဟုလည်း ၎င်းသုတေသနပြုချက်၌ ဖော်ပြထားသည်။

ဆေးလိပ်သောက်သူ ၃၀ အပါဝင် လူ ၆၀တို့အား သီတင်းရှစ်ပတ်ကြာ နေ့စဉ်တစ်ဦးလျှင် ကန်စွန်းရွက် ၈၅ ဂရမ်နှုန်း စားသုံးစေခဲ့ရာ ၎င်းတို့၏ သွေးများအတွင်း ကင်ဆာဆဲလ်များဖြစ်ပွားနိုင်မှုကို ၂၂ ဒသမ ၉ ရာခိုင်နှုန်း လျော့ကျစေခဲ့ကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။

(ကိုးကား–အင်တာနက်)

အင်တာနက် သတင်းနှင့် ဓာတ်ပုံ

မကွေးမြို့နယ်အသင်း ဂုဏ်ပူဇာသက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရ (မကွေးဆရာတော်)နှင့် ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၄ ရက်က နိုင်ငံတော်မှ ထုတ်ပြန်ဆက်ကပ်သည့် မကွေးမြို့နယ်မှ ဘွဲ့ရဆရာတော်များနှင့် အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များအား ကန်တော့ခြင်း၊ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများအား ဂုဏ်ပြုဆုချီမြှင့်ခြင်းနှင့် သင်းလုံးကျွတ် အစည်းအဝေးကို မတ် ၃ရက် (စနေနေ့) နံနက် ၉နာရီတွင် ကမာရွတ်မြို့နယ် တက္ကသိုလ်များ ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။ အသက် ၇၅နှစ်ပြည့်ပြီးသည့် အသင်းဝင်ပုဂ္ဂိုလ်များ၊ ဂုဏ်ထူးရ သားသမီးများစာရင်းကို ဖေဖော်ဝါရီ ၂၅ရက်နောက်ဆုံးထားပြီး စာရင်းပေးပို့ကြရန်နှင့် အဆိုပါ အခမ်းအနားသို့ မကွေးမြို့နယ်သူ/သားများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊မရသည်ဖြစ်စေ အသင်းဝင်ပြီးသူဖြစ်စေ၊ အသင်းမဝင်ရသေးသူဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် ဥက္ကဋ္ဌ ဦးအေးကို ဖုန်း–၆၈၁၁၁၃၊ ဒုတိယဥက္ကဋ္ဌ ဦးကြည်မောင် ဖုန်း–၅၇၈၃၁၅၊ အတွင်းရေးမှူး ဦးလှရွှေ ဖုန်း–၆၄၄၅၀၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မြန်မာ့အလင်း အင်တာနက်သတင်းအတိုအထွာ

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်သည် အီရန်အား စစ်ရေးအရ ဆောင်ရွက်ခွင့် အမိန့်အာဏာမရှိကြောင်း အမေရိကန် ကွန်ဂရက်ရှိ ဒီမိုကရက် ထိပ်တန်းအမတ်များက သတိပေးပြောကြားလိုက်ကြောင်း ဖေဖော်ဝါရီ ၁၆ရက်က အင်တာနက်သတင်း၌ ဖတ်ရှုရသည်။

ဂရုတ်သီးကို ဟင်းခတ်အမွှေးအကြိုင်အဖြစ် လွန်ခဲ့သော နှစ်ပေါင်း ၆၀၀၀ ကျော်မှစ၍ အသုံးပြုသည့် အထောက်အထားကို အီကွေဒေါ ရှေးဟောင်းသုတေသနပညာရှင်များက တွေ့ရှိခဲ့ကြောင်း ဖေဖော်ဝါရီ ၁၆ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

ကျူးဘားသမ္မတ ဖီဒယ်ကက်စ်ထရိုသည် အူမကြီး ခွဲစိတ်ကုသမှု ခံယူခဲ့ပြီး အနားယူခဲ့ရာမှ ကျန်းမာရေး ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း ၎င်း၏ အကြီးဆုံးသားဖြစ်သူ ဖီဒယ်ကပြောကြားခဲ့သည်ကို ဖေဖော်ဝါရီ ၁၆ရက်က အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံသည် နျူကလီးယားလက်နက်ဖျက်သိမ်းရေး အစီအစဉ်အပေါ် တိုးတက်မှုများရရှိခဲ့ပြီးနောက် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီးလ်၏ အသက်(၆၅)နှစ်မြောက် မွေးနေ့ကိုလည်း ကြီးကျယ်ခမ်းနားစွာ ကျင်းပခဲ့ကြောင်း ဖေဖော်ဝါရီ ၁၆ ရက်က အင်တာနက်တွင် ဖော်ပြသည်။

ဖိလစ်ပိုင်နိုင်ငံမှ အလုပ်သမားများ ပင်လယ်ရပ်ခြား နိုင်ငံများသို့ အလုပ်သွားလုပ်ကြပြီး ပြန်ပို့နိုင်သည့် ငွေကြေးပမာဏမှာ ယမန်နှစ်က အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၈ ဘီလီယံရှိကာ စံချိန်တင်ဝင်ငွေ ရရှိခဲ့ကြောင်း ဖေဖော်ဝါရီ ၁၅ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

တောင်ကိုရီးယား အမျိုးသမီးတစ်ဦးဖြစ်သည့် ကင်ဆီယော့အောဆိုသူသည် သီချင်းအပုဒ်ပေါင်း ၁၀၀၀နီးပါးကို နာရီ ၆၀ ဖြင့် မရပ်မနားသီဆိုခဲ့ရာ ကာရာအိုကေသီချင်းသီဆိုမှုတွင် ကမ္ဘာ့စံချိန်တင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၁၆ရက်က အင်တာနက်သတင်းအဖြစ် ဖော်ပြသည်။

(အင်တာနက်)

ဖောင်တော်ဦးဘုရား၊ ရေလယ်ရွာကြီးများ၊ ကျွန်းမျောစိုက်ခင်းများဖြင့် အင်းလေးကန်ရေပြင်ကျယ်ကြီးအား ရှုမောမဆုံးဖွယ် တွေ့မြင်ရ

■ **ကျောဖုံးမှ**

စတုရန်းမိုင် ၆၀နှင့် နွေရာသီတွင် စတုရန်းမိုင်၄၀ခန့်သာရှိသည်။ အလားတူပင် ကန်၏အလျားမှာ ယခင်က ၃၆ မိုင်ရှိခဲ့ရာမှ ယခုအခါ ၁၀မိုင်သာရှိသည့်အပြင် ကန်၏ အကျယ်ဆုံး အနံမှာ ယခင်က ရှစ်မိုင်ရှိခဲ့ရာမှ ယခုအခါ လေးမိုင်သာရှိတော့သည်။ ထို့အပြင် လက်ရှိရေကန်၏ အနက်ဆုံးနေရာမှာ မိုးရာသီတွင်ပေ ၂၀နှင့် နွေရာသီတွင် ၁၂ ပေခန့်သာ ရှိတော့သည်။

အင်းလေးကန် သာယာလှပ စိမ်းလန်းစိုပြည်ရေးနှင့်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စီမံကိန်း ချမှတ်ဆောင်ရွက်နေခြင်းနှင့် ပတ်သက်၍ သိရှိလိုသဖြင့် မြန်မာ့အလင်းသတင်းအဖွဲ့သည် လွန်ခဲ့သော ဇန်နဝါရီ၂၆ ရက်က ညောင်ရွှေမြို့၌ ရုံးစိုက်၍ တာဝန်ယူဆောင်ရွက်နေသော ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) (၂) ဦးမျိုးသန့်တင်အား တွေ့ဆုံမေးမြန်း စေ့ငုခဲ့ပါသည်။

အင်းလေးကန်အတွင်း မျောပါနေသော ဗေဒါဒိုက်နှင့် ရေမှော်များကိုလည်း ဝန်ချီစက်ယန္တရားကြီးများဖြင့် ဆယ်ယူဖယ်ရှားနေသည်ကို ဤသို့တွေ့ရသည်။ ဓာတ်ပုံ-အောင်သန်း(မင်္ဂလာတောင်ညွန့်)

ဖွဲ့စည်းဆောင်ရွက်

အင်းလေးကန် စိမ်းလန်းစိုပြည်ရေးနှင့် ရေရှည် တည်တံ့ခိုင်မြဲရေး လုပ်ငန်းများ လုပ်ငန်းဆောင်ရွက်မှု အဆင်ပြေ ချောမွေ့စေရန်အတွက် ဦးစီးအရာရှိ(စက်မှု) ရုံးကို အင်ဂျင်နီယာဝန်ထမ်း နှစ်ဦး၊ ကျွမ်းကျင်ဝန်ထမ်း ၃၀ တို့ ပါဝင် ဖွဲ့စည်း၍ လုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဂေဟစနစ်

အင်းလေးကန်ကို ပြုပြင်ထိန်းသိမ်းခြင်းမရှိဘဲထားခဲ့လျှင် ကန်ကြီးကော၍ ရေများခန်းခြောက်သွားမည်ဖြစ်သောကြောင့် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အရ အင်းလေးကန်သဘာဝ ပတ်ဝန်းကျင် ဂေဟစနစ် မပျက်သုဉ်းစေရန်နှင့် သဘာဝပတ်ဝန်းကျင်ကို ရေရှည်တည်တံ့စေရန် ရည်ရွယ်လျက် အင်းလေးကန် သာယာလှပ စိမ်းလန်းစိုပြည်ရေးနှင့် ခိုင်မြဲရေးစီမံကိန်းကို ဆည်မြောင်းဦးစီးဌာနမှ အခြားသက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပူးပေါင်းပြီး ၁၉၉၂ ခုနှစ် အောက်တိုဘာ ၁၂ ရက်မှ စ၍ ခရိုင်အဆင့် ရုံးတစ်ရုံး ဖွင့်လှစ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ဒုတိယငါးနှစ် စီမံကိန်းကာလသို့ ရောက်ရှိနေပြီ ဖြစ်သည်။

အင်းလေးကန် တစ်နှစ်ထက်တစ်နှစ် တိမ်ကောရခြင်းအကြောင်းအရင်းများမှာ ရေဝေရေလဲ ဧရိယာတွင် သစ်တောများ ပြုန်းတီးမှုကြောင့် မိုးရေတိုက်စား၍ သဲနုန်းများ ကျရောက်ခြင်း၊ မမှန်ကန်သော ထွန်ယက်စိုက်ပျိုးမှုဖြစ်သည့် ရွှေ့ပြောင်းတောင်ယာစနစ်အရ တောခုတ်မီးရှို့ခြင်း၊ ကုန်းစောင်းများတွင် ကွန်တိုအလိုက် မဟုတ်ဘဲ အထက်အောက် ဒေါင်လိုက်ထွန်ယက်စိုက်ပျိုးခြင်း၊ မတ်စောက်သည့် တောင်စောင်းများတွင် ထွန်ယက်စိုက်ပျိုးခြင်းနှင့် ကျွဲ၊ နွား တိရစ္ဆာန်များ စားကျက်ချခြင်းနှင့် စားကျက်မြေတွင် မြက်ခင်းလွင်ပြင်များအား မီးရှို့ခြင်းတို့ကြောင့် ဖြစ်သည်။

လုပ်ငန်းနှစ်မျိုးနှစ်စား

ညောင်ရွှေမြို့နယ် ဆည်မြောင်းဦးစီးဌာနအနေဖြင့် ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် တည်ဆောက်ရေးလုပ်ငန်းဟူ၍ လုပ်ငန်းသဘောအရ နှစ်မျိုးနှစ်စား ခွဲခြား ဆောင်ရွက်ကြသည်။ ထိန်းသိမ်းရေး လုပ်ငန်းများ ဖြစ်သော (၁) တည်ဆောက်ပြီး ဆည်ကန်များအားပြုပြင်ခြင်း၊ (၂) သီးနှံ၏ ရေလိုအပ်ချက်အလိုက် ရရှိစေရန် ရေပေးဝေဆောင်ရွက်ခြင်း၊ (၃) မူလ ဆည်ရေသောက် ဧရိယာလျော့နည်းမသွားစေရန် တူးမြောင်းများ စနစ်၊ ရေနုတ်မြောင်းစနစ်နှင့် ရေအားအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။

အင်းလေးကန်၏ ကြည်ပြာလဲ့ရေပြင်နှင့် အလိုတော်ပေါက်ဘုရားကို နန်းပန်ဈေးဘက်မှ ဤသို့ကြည်နူးသပ္ပာယ်ဖွယ် ဖူးတွေ့ရသည်။ ဓာတ်ပုံ-အောင်သန်း(မင်္ဂလာတောင်ညွန့်)

လုပ်ငန်းငါးရပ်

တည်ဆောက်ရေး လုပ်ငန်းများအဖြစ် အင်းလေးကန် စိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းကို ငါးနှစ်စီမံကိန်း ရေးဆွဲဆောင်ရွက်ခြင်းနှင့် ဖြည့်စွက်လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ဖြစ်ပြီး အင်းလေးကန်သာယာလှပစိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းငါးရပ်ဖြင့်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် နုန်းထိန်းတမံ တည်ဆောက်ခြင်း၊ နုန်းဖမ်းဆည် တည်ဆောက်ခြင်း၊ သဲနုန်းတူးဖော်၍ ရေလမ်းချဲ့ထွင် ဆောင်ရွက်ခြင်း၊ ကျွန်းမျောများ မတိုးပွားစေရန် ဆောင်ရွက်ခြင်းနှင့် ရေမှော်များ ရှင်းလင်းခြင်းတို့ ဆောင်ရွက်သည်။ ကျွန်းမျောများ မတိုးပွားရေးအတွက် ဆောင်ရွက်ရာတွင် (၁) ကန်အတွင်း ပျံ့လွင့်နေသော ကျွန်းမျောရိုင်းများ ရှင်းလင်းခြင်း၊ (၂) ကျွန်းမျောရိုင်းများ စုပုံရှင်းလင်းခြင်း၊ (၃) ကျွန်းမျောစိုက်ခင်းဧရိယာ နယ်နိမိတ် မှတ်တိုင်များ စိုက်ထူသတ်မှတ်ခြင်း၊ (၅) ကျွန်းမျောရိုင်း သိုလှောင်ထိန်းချုပ်လှောင်ကန်များ ပြုလုပ်ခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

အစိုင်အခဲ

အင်းလေးကန်အတွင်း သဘာဝ အလျောက်ပေါက်ရောက်လျက်ရှိသော အပင်များ၊ လွင့်မျောလျက်ရှိသော ဗေဒါနှင့်အမှိုက်များသည် ကာလကြာမြင့်လာသည်နှင့်အမျှ အစိုင်အခဲများဖြစ်တည်လျက် ကျွန်းမျောများအဖြစ် ပြောင်းလဲဖြစ်ပေါ်လာသည်။ အင်းလေးကန်အတွင်း ရေနေသဘာဝ ပေါက်ပင်မျိုးများဖြစ်သော ရေမှော်ပင်များ၊ ဗေဒါများ၊ ကြာပင်များသည် ကန်အတွင်း ပျံ့နှံ့ပေါက်ရောက်လျက်ရှိရာ အချို့နေရာများတွင် ရေမျက်နှာပြင်ပေါ်ထိ ထူထပ်စွာ ပေါက်ရောက်လျက်ရှိသည်ကို တွေ့ရှိရသည်။

အမျိုးအစားအားဖြင့် မှော်နုစိမ်း၊ ရွက်ပြာမှော်(သို့မဟုတ်)ပုစွန်စားမှော်၊ မှော်ပြင်၊ မှော်ထင်းရှူး၊ မှော်နီကြမ်း စသည့် ရေမှော်ငါးမျိုး ကြာဖြူ၊ ကြာနီ၊ ပဒုမ္မာကြာ၊ စိမ်းပေါလောစသည့် ကြာမျိုးနွယ်လေးမျိုး၊ ဗေဒါမျိုးနွယ်လေးမျိုးရှိကြပြီး မှော်ငါးမျိုးအနက် မှော်နုစိမ်းများမှာ ကျွန်းမျော စိုက်ခင်းများတွင် မြေသြဇာအဖြစ် အသုံးပြုနိုင်သဖြင့် ရေခြိလုပ်သားများက ဆယ်ယူအသုံးပြုလျက်ရှိရာ အထိုက်အလျောက် ထိန်းချုပ်ထားနိုင်သည့် အခြေအနေတွင် ရှိသည်။

ရေမှော်များရှင်းလင်း

အင်းလေးကန်တွင် ရေမှော်များ ရှင်းလင်းခြင်းလုပ်ငန်းကို ၂၀၀၀-၂၀၀၁ ခုနှစ်မှ ၂၀၀၅-၂၀၀၆ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည်။ ရေမှော်ရှင်းလင်းလုပ်ငန်းအရ ဧကပေါင်း ၃၃၅၆ ဒသမ ၉၁ ဧကကို ယန္တရားကြီးများ အသုံးပြု၍ ရှင်းလင်းနိုင်ခဲ့သည်။

အင်းလေးကန်သို့ လွန်ခဲ့သော ၁၀နှစ်ကျော်ခန့်က ရောက်ခဲ့စဉ် အင်းလေးကန်အတွင်းသို့ ဖောင်တော်ဦးဆိပ်-ညောင်ရွှေမှသွားလျှင် ဘုရားအထိ လမ်းတစ်လျှောက် မှော်များ၊ ဗေဒါများ စသည့် အပင်များကို ရှောင်တိမ်းသွားခဲ့ကြရသည်။ အင်းလေးကန်အတွင်း၌ နေရာအနှံ့ မှော်များ၊ ဒိုက်များဖြင့်ပြည့်ကျပ်နေသည်ကို မြင်တွေ့ခဲ့ရသော မိမိတို့မှာ အင်းလေးကန်မြင်ကွင်းကို အံ့သြဖွယ် မြင်ရသည်။

စုပေါင်းထိန်းသိမ်း

အင်းလေးကန် ရေပြင်ကျယ်ကြီးတွင်ရေပြင်ကြီးမှာ ဖျာ၊ ကော်ဇောကြီး ခင်းထားသကဲ့သို့ မျက်စိတစ်ဆုံးရှင်းလင်းလှပစွာမြင်တွေ့နေရသည်။ ကျွန်းမျောများကိုလည်း စနစ်တကျစုပေါင်းထိန်းသိမ်းထားသည်ကို တွေ့ရသည်။ လွန်ခဲ့သော၁၀နှစ်ကျော်က ရောက်ခဲ့ဖူးသောအင်းလေးကန်၏ မြင်ကွင်းနှင့် ယနေ့မြင်ကွင်းမှာ လုံးဝခြားနားနေပြီဟု ဆိုပါရစေ။ ယခုအခါ ဒုတိယငါးနှစ်စီမံကိန်းကို စတင်လျက်ရှိပြီဖြစ်သောကြောင့် အင်းလေးကန်ကြီးမှာ သာယာလှပပြီး စိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရန် မုချတွေ့မြင်ရတော့မည်ဖြစ်ကြောင်း ကွင်းဆင်းလေ့လာရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ညောင်ရွှေမြို့နယ် အင်းလေးကန်အတွင်း ငါးရက်တစ်ဈေး-နန်းပန်ဈေးတွင် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်တစား လှည့်လည်ကြည့်ရှု ဝယ်ယူကြသည်ကို ဤသို့တွေ့ရသည်။ ဓာတ်ပုံ-အောင်သန်း(မင်္ဂလာတောင်ညွန့်)

အင်းလေးကန်ရေပြင်ကျယ်ကြီးတွင် ရေပြင်ကြီးမှာ ဖျာ၊ ကော်ဇောကြီး ခင်းထားသကဲ့သို့ မျက်စိတစ်ဆုံး ရှင်းလင်းလှပစွာ မြင်တွေ့နေရ။ ကျွန်းမျောများကိုလည်း စနစ်တကျစုပေါင်းထိန်းသိမ်းထားသည်ကိုတွေ့ရ။ လွန်ခဲ့သော ၁၀နှစ်ကျော်က ရောက်ခဲ့ဖူးသော အင်းလေးကန်၏ မြင်ကွင်းနှင့် ယနေ့မြင်ကွင်းမှာ လုံးဝ ခြားနားနေပြီ။ ယခုအခါ ဒုတိယငါးနှစ်စီမံကိန်းကို စတင်လျက်ရှိပြီဖြစ်သောကြောင့် အင်းလေးကန်ကြီးမှာ သာယာလှပပြီး စိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရန် မုချမြင်တွေ့ရတော့မည်။

မွန်မြတ်အရေးပါသည့် နိုင်ငံတော်သစ်တည်ဆောက်ရေးလုပ်ငန်း အသင်းဝင်များကိုယ်တိုင်သာမက ပြည်သူပါဝင်အောင်စည်းရုံး

ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာရေး အလေးထားဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး(အထူး)သင်တန်း အမှတ်စဉ်(၄)သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

တက်ရောက်

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟိုအလုပ်အမှုဆောင်များ၊ အထူးဖိတ်ကြားထားသော ပုဂ္ဂိုလ်များ၊ သင်တန်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းနှင့် သင်တန်းကြီးကြပ်သူအရာရှိများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်း အမှာစကားပြောကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အမှုဆောင်များ အဆင့်မြင့် စီမံခန့်ခွဲရေး(အထူး) သင်တန်း အမှတ်စဉ်(၄) သင်တန်းဆင်းပွဲ တွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက အမှာစကားပြောကြားရာ၌ နိုင်ငံသားအားလုံး၏ ရည်မှန်းချက်ပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးဖြစ်ကြောင်း၊ ပြည်သူများ လိုလားတောင့်တနေကြသည့် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရန်အတွက် ဆောင်ရွက်ရာတွင် ရေရှည်ကို မျှော်မှန်းပြီး လက်ရှိကာလ၌ အကျိုးအရှိဆုံးရလဒ်များရရှိလာအောင် စဉ်ဆက်မပြတ် ဆောင်ရွက်ကြရခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးသည် အတိတ်ကာလ ဆောင်ရွက်မှုများကြောင့် ပေါ်ပေါက်လာသည့် အကျိုးတရားများကို အခြေခံပြီး ပစ္စုပ္ပန်ကာလတွင် ကောင်းမွန်သည့် အနာဂတ်ကို ဖန်တီးနိုင်အောင် ကြိုးစားအားထုတ်ကြရသော လုပ်ငန်းစဉ်ကြီးဖြစ်ကြောင်း၊ မျိုးဆက်တစ်ခုက မျိုးဆက်သစ်တစ်ခုဆီကို လက်ဆင့်ကမ်းပြီး စဉ်တိုက် ဆက်တိုက် အကောင်အထည် ဖော်ကြရခြင်းဖြစ်ကြောင်း။

အမျိုးသားရေးမူဝါဒ

နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ရာတွင် မိမိတို့၏သမိုင်းကြောင်း၊ မိမိတို့၏ လူမှုဘဝနှင့် ဆီလျော်ဆက်စပ်သည့် မှန်ကန်ခိုင်မာသော အမျိုးသားရေးမူဝါဒရှိရမည်ဖြစ်ကြောင်း၊ ချမှတ်ထားသည့် မူဝါဒအတိုင်း ပကတိ အခြေအနေနှင့် ကိုက်ညီသည့် လုပ်ငန်းစဉ်များ ချမှတ်ပြီး အကောင်အထည်ဖော်ကြရမည် ဖြစ်ကြောင်း။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် ဘယ်သူမျှ မငြင်းနိုင်သည့်၊ ဝိဝါဒကွဲပြားခြားနား၍မရသည့် သမိုင်းကပေးလာသော အမျိုးသားရေးတာဝန်များ ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးအတွက် မွန်မြတ်မှန်ကန်သည့်မူများ ဖြစ်ကြောင်း၊ ချမှတ်ထားသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၁၂)ရပ်သည်လည်း ပကတိအခြေအနေနှင့် ကိုက်ညီသည့် လက်တွေ့ကျသော လုပ်ငန်းစဉ်များ ဖြစ်ကြောင်း။

ဝိုင်းဝန်းကြိုးပမ်း

ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအားလုံးအတွက် တိကျပြတ်သားသည့် ရည်မှန်းချက်ပန်းတိုင်၊ မွန်မြတ်မှန်ကန်သည့် မူ၊ လက်တွေ့ကျသည့် လမ်းစဉ်များရှိပြီဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ မှန်ကန်သည့် ဦးဆောင်မှုနှင့် ပြည်တွင်းက စစ်မှန်သည့် အားများဖြစ်သော နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့ ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်နေကြပြီဖြစ်ကြောင်း။

မွန်မြတ်အရေးပါသည့် နိုင်ငံတော်သစ်တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီး တွင် ပြည်သူများထဲက ပြည်သူများဖြစ်သည့် အသင်းဝင်များအနေဖြင့် ကိုယ်တိုင် ကိုယ်ကျ ပါဝင်ဆောင်ရွက်ကြရုံသာမကဘဲ ပြည်သူတစ်ရပ်လုံး အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်လာအောင် စည်းရုံးရေးစွမ်းအားဖြင့် အထောက်အကူပြုကြ ရမည် ဖြစ်ကြောင်း။

အလေးထားဆောင်ရွက်

နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးကို ပါဝင်ဆောင်ရွက်ရာ တွင် စစ်မှန်သည့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ရေးနှစ် ပေါင်းထောင်ချီသည့် ကာလကစပြီး တိုင်းရင်းသားလူမျိုးစုံညီစွာ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး အေးအတူပူအမျှ အတူတကွ ပူးပေါင်းနေထိုင်ခဲ့ကြသည့် ခိုင်မြဲသော အစဉ်အလာကောင်းများရှိကြပြီးဖြစ်ကြောင်း၊ နိုင်ငံတော်၏သမိုင်း ကြောင်းတွင် ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုများ အပြန်အလှန် နားလည်မှု၊ စာနာမှုတို့ဖြင့် ချစ်ကြည်စွာ နေထိုင်ခဲ့ကြသည့် ပြည်ထောင်စုစိတ်ဓာတ် အရင်းခံ ရှင်သန်မှုများလည်းရှိကြပြီးဖြစ်ကြောင်း၊ တိုင်းရင်းသားအားလုံး မိမိ တို့၏ စိတ်ဆန္ဒအလျောက် နိုင်ငံတော်အတွင်း တောင်ပေါ်မြေပြန့် နေရာအနှံ့ အပြားတွင် ရောနှောပျံ့နှံ့နေထိုင်ခဲ့ကြပြီး ခိုင်မြဲသည့် ပြည်ထောင်စုမျိုးချစ် စိတ်ဓာတ်ရှိကြသူများဖြစ်ကြကြောင်း၊ နိုင်ငံတော်၏ ဒေသအသီးသီး၊ နယ်မြေ အသီးသီးသည် ပြည်ထောင်စုကြီးထဲက ပြည်ထောင်စုကလေးများသဖွယ်ဖြစ်ပေါ် တည်ရှိနေကြသည်ကို အထင်အရှားတွေ့ကြရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး ပြည်ထောင်စု၏ မည်သည့်နေရာတွင် နေထိုင်ကြသည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ဖြင့် မည်သည့် အတားအဆီး အခက်အခဲမျိုးကိုမဆို ရင်ဆိုင်ကျော်လွှား ချေမှုန်းနိုင်ခဲ့ကြပြီးဖြစ်ကြောင်း၊ မိမိတို့ အားလုံး စစ်မှန်သည့် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် ထာဝစဉ်ရှင်သန်ခိုင်မာ ရေးအတွက် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို နိုင်ငံတော်တည်ငြိမ် ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပြည်သူများနှင့်အတူ ဝိုင်းဝန်း ပါဝင်ဆောင်ရွက်နိုင်ရန် ယုံကြည်ချက်၊ ခံယူချက် မှန်ကန်ခိုင်မာပြီး စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ရှိသည့် လူငယ်လူရွယ်များကို အခြေခံပြီး ဖွဲ့စည်းခဲ့ကြခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ဒေသသီးသီးက တိုင်းရင်းသားများဖြစ်ကြသည့် အသင်းဝင်များသည် မိမိတို့နယ်မြေဒေသ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အတွက် အသင်းကြီးက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း ပါဝင် ဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ နယ်မြေလူထု၏ ယုံကြည် ပူးပေါင်းဆောင်ရွက် မှုကိုလည်းရရှိနေပြီး အသင်းဝင်အင်အားသည်လည်း ၂၄ သန်းခန့်အထိ တိုးတက် လာပြီဖြစ်ကြောင်း။

တိုးတက်များပြားလာသည့် အသင်းဝင်များအနေဖြင့် မိမိတို့၏ နယ်မြေ လူထုအကျိုး ပိုမိုသယ်ပိုး ရွက်ဆောင်နိုင်ကြစေရန် လေ့ကျင့်မှုများကိုလည်း ဗဟိုနှင့် ပြည်နယ်/တိုင်း၊ မြို့နယ်များ၌ ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ လေ့ကျင့်မှု တိုင်းသည် တက်ရောက်ကြသူတစ်ဦးချင်း၏ အရည်အချင်းများ တိုးတက်မှုဖြစ်ပေါ် စေမည် ဖြစ်ကြောင်း၊ အသင်းကြီးကို အသင်းဝင်များနှင့် ဖွဲ့စည်းထားခြင်းဖြစ်သည့် အတွက် အသင်းဝင်များ၏ အရည်အချင်းများ မြင့်မားလာသည်နှင့်အမျှ အသင်းကြီး၏ စွမ်းအားလည်း မြင့်မားလာမည်ဖြစ်ပြီး နယ်မြေအကျိုးအတွက် ပိုမို သယ်ပိုးနိုင်မည်ဖြစ်ကြောင်း။

သင်တန်းတက်ရောက်လာကြသူများသည် နိုင်ငံတော်၏ ဒေသအသီးသီး တွင်ရှိနေကြသည့် အသင်းအဆင့်ဆင့်၌ ဦးဆောင်ဦးရွက်ပြုနေကြသူများ ဖြစ်ကြ သည့်အလျောက် လက်တွေ့နယ်ပယ်တွင် ထိုက်သင့်သည့် အတွေ့အကြုံများ ရှိကြသူများဖြစ်ကြကြောင်း၊ သင်တန်းတွင် ယုံကြည်ချက်၊ ခံယူချက်မြင့်မားရေး၊ နိုင်ငံ့သားကောင်း အရည်အချင်းပြည့်ဝရေး၊ အမျိုးသား နိုင်ငံရေး၊ ခေါင်းဆောင်မှု သဘောနှင့် နာခံခြင်းအလေ့အကျင့်ကောင်း၊ မှန်ကန်သော ဦးဆောင်မှုကို ခံယူကျင့်သုံးခြင်းဖြင့် စုစည်းညီညွတ်သော အင်အားအဖြစ် တည်ဆောက်ရေး၊ နိုင်ငံတော်ကာကွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဘာသာရပ်များအပြင် လက်ရှိ ပေါ်ပေါက်နေသည့် ပြဿနာများအပေါ် မှန်ကန်စွာ ရှုမြင်သုံးသပ် အဖြေရှာနိုင် ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြပြီးဖြစ်ကြောင်း။

ဆက်စပ်ဆောင်ရွက်

သင်တန်း တက်ရောက်လာကြသူများအနေဖြင့် မိမိတို့၏ နယ်မြေ အသီးသီးကို ပြန်လည်ရောက်ရှိကြသည့်အခါတွင် နယ်မြေလူထုအကျိုးအတွက် ဆက်စပ်ဆောင်ရွက်နိုင်ကြမည်ဟု ယုံကြည်ထားပြီးဖြစ်ကြောင်း၊ အသင်းကြီး၏ စုစည်းညီညွတ်သည့် အားဖြင့် နယ်မြေလူထုအကျိုးအတွက် တိုးတက်ဆောင်ရွက်နိုင် စေရန် အသင်းအဆင့်ဆင့်၏ ခေါင်းဆောင်မှုသဘောနှင့် နာခံခြင်း အလေ့ အကျင့်ကောင်းများကို ကိုယ်တိုင်ခံယူကျင့်သုံးရင်း အသင်းဝင်အားလုံး နားလည် သဘောပေါက်အောင် ကြိုးပမ်းသွားကြရမည် ဖြစ်ကြောင်း။

လက်ရှိကာလသည် ခေတ်ဟောင်း စနစ်ဟောင်းမှ ခေတ်သစ် စနစ်သစ်ကို ညင်သာစွာ အစီအစဉ်တကျ ကူးပြောင်းနေသည့် ကာလဖြစ်ကြောင်း၊ နိုင်ငံတော် သစ် တည်ဆောက်ရေး လုပ်ငန်းစဉ်ကြီးတွင် ပါဝင်ဆောင်ရွက်နိုင်သည့် အခွင့် အခါကောင်းနှင့် ကြုံကြိုက်နေသည့် ကာလဖြစ်ကြောင်း။

လူ့စွမ်းအားအရင်းအမြစ်

အနာဂတ်ကာလတွင် ပေါ်ပေါက်လာတော့မည့် စစ်မှန်ပြီး၊ စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ထာဝစဉ် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုး တိုးတက်စေရန်၊ ရေရှည်တည်တံ့ခိုင်မြဲစေရန် အခြေခံကောင်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်း စေရန် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေး တိုးတက်ခိုင်မာစေရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် စဉ်ဆက်မပြတ် အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ အကျိုးစီးပွားအတွက် မွန်မြတ် မှန်ကန်သည့် အသိတရား၊ မှန်ကန်သည့် စေတနာနှင့် လက်တွေ့ကြိုးပမ်း အကောင်အထည်ဖော်မှုများကြောင့် အချိန်တိုကာလအတွင်း ယခင်နှင့်မတူသည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေပြီဆိုသည်ကို လူထုကြားတွင် ရှိနေကြသည့် အသင်းဝင်များကိုယ်တိုင် သိရှိ ခံစားနေကြရပြီ ဖြစ်ကြောင်း။

နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာ၌ အတိတ်ကာလ ဖြစ်ပေါ်ပြောင်းလဲမှုများအရ အနာဂတ်ကာလတွင် ပကတိ ဖြစ်ပေါ်လာနိုင်မှုကိုရည်မှန်းပြီး ပစ္စုပ္ပန်ကာလတွင် အကျိုးစီးပွားဖြစ်ထွန်းစေသည့် လုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်ကြရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော် ၏ အကျိုးစီးပွားအတွက် စဉ်တိုက်ဆက်တိုက် ကြိုးပမ်း အကောင်အထည်ဖော်ကြ ရမည်ဖြစ်ကြောင်း။

ဝိုင်းဝန်းကြိုးပမ်း

ရရှိပြီးဖြစ်သည့် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို လျော့ပါး နိမ့်ကျမသွားရအောင် ထိန်းသိမ်းပြီး ပိုမိုတည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် ပိုမိုဖွံ့ဖြိုး တိုးတက်မှု ရှိစေရေးအတွက် မှန်ကန်သောအသိဖြင့် ဝိုင်းဝန်းကြိုးပမ်းသွားကြ ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် တစ်နိုင်ငံလုံး ကွက်လပ်မကျန် ဘက်စုံဖွံ့ဖြိုးတိုးတက် လာစေရန် အထူးဒေသကြီး ၂၄ ခု စီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း နှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အသင်းကြီးအနေဖြင့်လည်း နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ထိရောက်စွာ ဝိုင်းဝန်းပါဝင် ဆောင်ရွက် နိုင်စေရန် နှစ်စဉ်ရှေ့လုပ်ငန်းစဉ်များချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိနေကြောင်း၊ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း အကျိုးပြု လုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နယ်မြေ အကျိုးရှိသည့်လုပ်ငန်းများကို ရှာဖွေဆောင်ရွက်သွားကြရန်လည်း မှာကြား လိုကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေး

နိုင်ငံတော်လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသတွင် နေထိုင်ကြသူများဖြစ်ကြကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသနေ ပြည်သူများအကျိုးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးအခြေခံလုပ်ငန်းတာဝန်ကြီး ငါးရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိနေကြောင်း၊ အသင်းကြီးအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ထားသည့် လုပ်ငန်းစဉ်ကြီး ငါးရပ်အပြင် ကျေးလက်မီးလင်းရေး၊ စာကြည့်တိုက်ထူထောင်ရေးအတွက်လည်း ဝိုင်းဝန်း ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဇီဝလောင်စာထုတ်လုပ်နိုင်သည့် ကြက်ဆူပင်သည် မြန်မာနိုင်ငံတစ်ဝန်းလုံး ဒေသမရွေး၊ မြေအမျိုးအစားမရွေး ပေါက်ရောက်နိုင်သည့် အပင်ဖြစ်ကြောင်း၊ကျေးလက်ဒေသတွင် ရှိနေကြသည့် လယ်ယာသုံးစက်ကိရိယာများဖြစ်သည့် ထွန်စက်၊ ရေစုပ်စက်၊ ရိတ်စက်၊ ခြွေ လှေ့စက်များ၊ မီးစက်နှင့် သွားလာပို့ဆောင်ရေးအတွက် ထွေလာဂျီ စသော ဒီဇယ်သုံးစက်ကိရိယာများတွင်ထည့်သွင်းသုံးစွဲနိုင်သည့် အဖိုးတန် အသုံးဝင်သည့် အပင်ဖြစ်ကြောင်း၊ ကျေးလက်ဒေသ၌ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရန် အသင်းကြီးအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရေးကိုလည်း မှာကြားလို ကြောင်း။

မျက်မှောက်ကာလ နိုင်ငံတော်၏ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများသည် အမျိုးသားရေး ပန်းတိုင်ဖြစ်သည့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့ ဦးတည်ရွေ့ရှုနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်သစ်တည် ဆောက်ရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ်ကိုလည်း ချမှတ်အကောင်အထည် ဖော်နေပြီဖြစ်ကြောင်း၊ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကိုလည်း အောင်မြင်စွာ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင် ရေးအတွက် အသင်းဝင်အားလုံး နယ်မြေလူထုနှင့်လက်တွဲပြီး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

လက်ကမ်းကြိုဆို

နိုင်ငံတော်၏ ပကတိဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများကို နယ်မြေဒေသ အသီးသီးတွင်ရှိနေသည့် အသင်းဝင်များကိုယ်တိုင် မိမိတို့နယ်မြေတွင်ရှိသည့် ပြည်သူများနှင့် အတူ သိမြင် ခံစားနေကြရပြီဖြစ်ကြောင်း၊ ဘက်စုံကဏ္ဍစုံ၌

တိုးတက်ပြောင်းလဲမှုများသည် မငြင်းနိုင်သည့် ပကတိအခြေအနေမှန်များဖြစ်ကြောင်း၊ အမြော်အမြင်ရှိသည့် ခေါင်းဆောင်မှုအောက်၌ စစ်မှန်သည့်စေတနာဖြင့် မနားမနေကြိုးပမ်းအားထုတ်မှုများ၏ ရလဒ်များသာဖြစ်ကြောင်း၊ ကိုယ့်ခွန်ကိုယ့်အား၊ ကိုယ့်စွမ်းပကားဖြင့် ကြိုးစားမှု၏ ရလဒ်များဖြစ်ကြောင်း၊ နိုင်ငံတော်၏ စစ်မှန်သည့်စေတနာမှန်နှင့် လက်တွေ့အကောင်အထည်ဖော်မှုများကို နားလည်သဘောပေါက်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် ပူးပေါင်းလာကြသူများလည်း စဉ်တိုက်ဆက်တိုက် ရှိနေကြပြီဖြစ်ကြောင်း၊ နိုင်ငံတော်၏ အမျိုးသား အကျိုးစီးပွားအတွက် အပြုသဘောဆောင်သည့် လုပ်ဆောင်မှုများနှင့် အကြံပြုချက်များကို လက်ကမ်းကြိုဆိုကြရမည်ဖြစ်ကြောင်း။

မိမိတို့အားလုံးသည် အမိမြေတွင် မွေးဖွားလာကြပြီး အမိမြေ၏ ရေကိုသောက်၊ အမိမြေ၏အာဟာရနှင့် အမိမြေ၏ အရိပ်အာဝါသအောက်၌ ကြီးပြင်းလာကြသူများဖြစ်ကြကြောင်း၊ အမိမြေ၏သစ္စာစောင့်သိပြီး အမိမြေ၏အကျိုးကို လိုလားကြသူများဖြစ်ကြကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ရိုးသားဖြူစင်သည့် စိတ်ထားဖြင့် တတ်စွမ်းသရွေ့ လက်တွေ့ ပါဝင်ကြိုးပမ်းဆောင်ရွက်နေကြသူများ ဖြစ်ကြကြောင်း၊ အမျိုးသားအကျိုးစီးပွားအတွက် ဆောင်ရွက်ရာတွင် ပုဂ္ဂိုလ်တစ်ဦးချင်း၏ အရေး၊ အဖွဲ့အစည်းတစ်ခုတည်း၏ အရေး၊ ဒေသတစ်ခုတည်း၏အရေး၊ လူမျိုးတစ်မျိုးတည်း၏အရေးသာမက ပြည်ထောင်စုကြီးတစ်ခုလုံး၏ အရေးကိစ္စကို ဖြူစင်ရိုးသားသည့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ဖြင့် သိမြင်ခံယူ လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

ကိုယ်ပိုင်စွမ်းအား

နိုင်ငံတော်၏ ဖြစ်ပေါ်တိုးတက် ပြောင်းလဲမှုအခြေအနေများသည် တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုက လိုရာဆွဲပြောနေသည့် အကြောင်းအရာများ မဟုတ်ဘဲ သိမြင်၊ ထိတွေ့ခံစားနိုင်ကြသည့် ပကတိအခြေအနေများသာဖြစ်ကြောင်း၊ ကိုယ်ပိုင်စွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်ရာက နေရာတိုင်း၊ ကဏ္ဍတိုင်းတွင် အထင်အရှားဖြစ်ပေါ် ရရှိလာသည့် အကျိုးတရားများဖြစ်ကြကြောင်း၊ အတ္တစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲများမပါဘဲ နိုင်ငံတော်အပေါ် ကျေးဇူးသစ္စာ စောင့်သိသည့်စိတ်၊ ပြည်ထောင်စုကြီး၏ အကျိုးကိုစေတနာ သန့်သန့်ဖြင့် လုပ်ဆောင်လိုသည့် အသိစိတ်ဖြင့် ကြိုးစားဆောင်ရွက်ရာက ပေါ်ထွန်းလာသည့် ရလဒ်ကောင်းများဖြစ်ကြကြောင်း၊ မိမိတို့အားလုံး မဆုတ်မနစ်သော စိတ်ဓာတ်ဖြင့် ဆက်လက်ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံသားတိုင်း မှန်ကန်သည့် အသိစိတ်ဓာတ်ရှိကြရန်လိုကြောင်း၊ မှန်ကန်သည့် အသိစိတ်ရှိမှသာ မှန်ကန်သောလုပ်ဆောင်မှုရှိနိုင်ကြောင်း၊ မှန်ကန်သော လုပ်ဆောင်မှုရှိမှသာ အကျိုးကျေးဇူးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ သမိုင်းကြောင်းတစ်လျှောက်တွင် အတ္တစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲများကြောင့် အကျိုးမဲ့သည့်ဖြစ်ရပ်များ၊ ကျဉ်းမြောင်းသည့် ဒေသစွဲ၊ လူမျိုးစွဲများကြောင့် ပြည်သူများ၏ အကျိုးစီးပွားပျက်ပြားခဲ့သည့် ဖြစ်ရပ်များအပေါ် သင်ခန်းစာယူကြရမည်ဖြစ်ကြောင်း။

အမျိုးသားအကျိုးစီးပွား

နိုင်ငံတိုင်း နိုင်ငံတိုင်း မိမိတို့ နိုင်ငံနှင့်လူမျိုး၏ အမျိုးသားအကျိုးစီးပွားအတွက် အလေးထားဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ကိုယ်ကျိုးစီးပွားကို အခြေခံသည့် ပြည်ပပယောဂများ၊ သွေးထိုးမှုများကို အမှန်အတိုင်း သိမြင်ကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်က အမျိုးသားအကျိုးစီးပွားအတွက် အကောင်အထည်ဖော်နေမှုများကို ဆန့်ကျင်လာအောင်၊ စီးပွားရေးကို အကြောင်းပြုပြီး ဆန့်ကျင်လာအောင်၊ လူမှုရေးကို အကြောင်းပြုပြီး ဆန့်ကျင်လာအောင် ဆောင်ရွက်နေမှုများကို သတိပြုကြရမည်ဖြစ်ကြောင်း၊ ပိတ်ဆို့မှုများ၊ ဟန့်တားမှုများ၊ အရေးယူမှုများနှင့် အလိုကျဖြစ်အောင် ကြိုးပမ်းနေရုံသာမက လှုံ့ဆော်မှုများ၊ နည်းပေးလမ်းပြမှုများ၊ အခါပေးမှုများ၊ ထောက်ပံ့ပေးကမ်းမှုများ၊ သူကောင်းပြုမှုများနှင့် ပြည်တွင်းက အလိုကျ လုပ်ဆောင်သူများ ပေါ်ထွက်လာအောင်လည်း ဆောင်ရွက်နေသည်ကို သိမြင်ကြရမည်ဖြစ်ကြောင်း၊ ဤကဲ့သို့ ဆောင်ရွက်မှုတိုင်းသည် နိုင်ငံတော်သစ်ထူထောင်ရေးအတွက် အနှောင့်အယှက် အဟန့်အတားများဖြစ်သည့်အတွက် သတိပြုကာကွယ်သွားကြရမည်ဖြစ်ကြောင်း၊ ပကတိဖြစ်ပေါ်နေသည့် အခြေအနေများကိုလည်း ပြည်သူများသိအောင် ရှင်းလင်းအသိပေးသွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့အားလုံး မှန်ကန်သော အသိ၊ မပြတ်သော သတိဖြင့် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးအတွက် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း ဝိုင်းဝန်းအကောင်အထည်ဖော် သွားကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ–

- **အနာဂတ် နိုင်ငံတော်သစ်ကြီး ရေရှည်တည်တံ့ပြီး အစဉ်ဖွံ့ဖြိုးတိုးတက်စေရန် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြပါ။**
- **တိုင်းရင်းသား ပြည်သူများအကြား စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားနေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြပါ။**
- **နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ချမှတ်ထားသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်သူတစ်ရပ်လုံးနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြပါ။**
- **အသင်းကြီးက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း မိမိတို့ရောက်ရှိရာ နယ်မြေအသီးသီး၏ အကျိုးရှိသည့် လုပ်ငန်းများကို မွန်မြတ်မှန်ကန်သည့် စေတနာဖြင့် လက်တွေ့ဆက်စပ်အကောင်အထည်ဖော် ဆောင်ရွက်သွားကြပါ။**
- **နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာ၌ ကြုံတွေ့လာနိုင်သည့် အဟန့်အတား အနှောင့်အယှက်မှန်သမျှကိုလည်း အသင်းဝင်များနှင့် ပြည်သူများ၏ ကြံ့ခိုင်တည်ငြိမ်သည့် စိတ်ဓာတ်၊ စည်းလုံးညီညွတ်သည့် စွမ်းအားဖြင့် ကာကွယ်တွန်းလှန်သွားကြပါ**

ဟု ပြောကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင်များ အဆင့်မြင့် စီမံခန့်ခွဲရေး(အထူး)သင်တန်းသို့ အမှတ်စဉ်(၄)သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၀၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

● ကျောဖုံးမှ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေး၊ ကယားပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွန့်တင်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် လွိုင်ကော်၊ ဒီမောဆို–ဖရူဆို လမ်းအတိုင်း ထွက်ခွာကြပြီး လွိုင်ကော်၊ ဒီမောဆိုနှင့် ဖရူဆိုမြို့များ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့် လမ်းပိုင်းဆိုင်ရာအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

တွေ့ဆုံ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊တိုင်းမှူးဗိုလ်မှူးချုပ်သောင်းအေးနှင့် အဖွဲ့သည် ဖရူဆိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ရှေးဦးစွာ ဖရူဆိုမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးဆန်းမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေးနှင့်

တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းဝင်းအတွင်း စာသင်ဆောင်များ အခြေအနေ၊ သင်ထောက်ကူစာသင်ခန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ကျောင်းသားကျောင်းသူများ စာသင်ကြားနေမှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ဆရာကြီး ဦးသန်းဆွေက လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ကျောင်းအတွက် လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေး၍ သင်ထောက်ကူပစ္စည်းများကို ထိရောက်အကျိုးရှိစွာ အသုံးပြု သင်ကြားပို့ချရေး မှာကြားသည်။

ထောက်ပံ့

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဖရူဆိုမြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံအတွင်း ဓာတ်မှန်ဆောင်၊ ခွဲစိတ်ခန်း၊ ဆေးပစ္စည်း သိုလှောင်ခန်းနှင့် လူနာဆောင်များကို လှည့်လည်ကြည့်ရှု စစ်ဆေးရာ ဆေးရုံအုပ် ဒေါက်တာအေးအောင်က လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ဆေးရုံတက်ရောက်နေသော လူနာများအား လက်ဆောင်

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အိန္ဒိယနိုင်ငံ(ပရဒေသီ၊ သံဃနာယက အဖွဲ့ဥက္ကဋ္ဌ) ဗုဒ္ဓဂယာဆရာတော် ဘဒ္ဒန္တဉာဏိန္ဒသည် ဖေဖော်ဝါရီ ၁၆ရက် ညနေပိုင်းက IC.728. အိန္ဒိယ လေကြောင်းလိုင်းဖြင့် မြန်မာနိုင်ငံသို့ သာသနာရေးကိစ္စဖြင့် ကြွရောက်တော်မူလာရာ နိုင်ငံတော်အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်နှင့် မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယကအကျိုးတော်ဆောင်ဆရာတော် ဒေါက်တာသုန္ဒရ(သဒ္ဓမ္မဇောတိကဓဇ)၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ဒုတိယပါမောက္ခချုပ်ဆရာတော် ဒေါက်တာဩသဓသာရ (မဟာဂန္ထဝါစကပဏ္ဍိတ)နှင့် ရွှေမြင်တင်ဦးညို (သဒ္ဓမ္မဇောတိကဓဇ၊ သီဟသုဓမ္မ မဏိဇောတဓရ)နှင့် တပည့်သာဝကများက ကြိုဆိုဖူးမြော်ကြစဉ်။ (က–ပ)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ဖရူဆိုမြို့နယ် ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသနေသော လူနာများအား လက်ဆောင်ပစ္စည်းနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

လူမှုရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အဆင့်ဆင့် တိုးတက်ဖြစ်ထွန်းလာမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွန့်တင်က ဖြည့်စွက်ဆွေးနွေး တင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်ရေးအတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှု စွမ်းအားရယူပြီး စေတနာ ပါပါဖြင့် ဖိဖိစီးစီး ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ရေး၊ ဒေသအတွင်းစက်မှုကုန်ကြမ်းသီးနှံ နှစ်ရှည်ပင်ရော်ဘာ စမ်းသပ်စိုက်ပျိုးရေးနှင့် သုသေတနပြု ဆောင်ရွက်ကြရေး၊ ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ရုံသက်သက် မဟုတ်ဘဲ ရှင်သန်ဖြစ်ထွန်းအောင်မြင်အောင် စနစ်တကျ ပြုစုပျိုးထောင်သွားကြရေး၊ ဒေသခံ တိုင်းရင်းသားလူငယ်လူရွယ်များ ပညာရည်မြင့်မားရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရေးမှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေးနှင့်အဖွဲ့သည် ဖရူဆိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များနှင့် တွေ့ဆုံပြီး လိုအပ်သည်များ မှာကြားသည်။

ထိရောက်စွာအသုံးချ

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဖရူဆိုမြို့ အခြေခံပညာအထက်

ပစ္စည်းနှင့် ထောက်ပံ့ငွေ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ဆေးရုံအတွက်အလှူငွေကျပ် သုံးသိန်းကို ဆေးရုံအုပ်ကြီး ဒေါက်တာအေးအောင်ထံ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေး၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွန့်တင်နှင့် အဖွဲ့သည် နယ်မြေခံတပ်ရင်းသို့ ရောက်ရှိကြပြီး တပ်ရင်းခန်းမ၌ အရာရှိစစ်သည် မိသားစုဝင်များအားတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ တာဝန်ရှိသူများက မိသားစုဝင်များအားအိမ်သုံး၊ လူသုံးပစ္စည်းများကို လက်ဆောင်ပေးအပ်ပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တပ်ရင်းတပ်ဖွဲ့မိသားစုဝင်များအတွက် စားသောက်ဖွယ်ပစ္စည်းများကိုပေးအပ်၍ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ဒီမောဆိုမြို့သို့ရောက်ရှိပြီး ဒီမောဆိုခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိ၊ မြို့ဖများအား တွေ့ဆုံသည်။

ကြိုးပမ်းဆောင်ရွက်

ထိုသို့ တွေ့ဆုံရာတွင် ရှေးဦးစွာ ဒီမောဆိုမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းလှအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ တိုးတက်လာမှု အခြေအနေများကို ရှင်းလင်း တင်ပြကြရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဖြည့်စွက် ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဒီမောဆိုမြို့နယ်၏ စိုက်ပျိုးရေးကဏ္ဍတွင် တိုးတက်ဖြစ်ထွန်း အောင်မြင်မှုများကို အရှိန်အဟုန်မပျက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားစေလိုကြောင်း။

မှာကြား

စိုက်ပျိုးကုန်ထုတ်လုပ်ငန်း တိုးတက်ဖြစ်ထွန်းလာသည်နှင့်အမျှ ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားရေးဘဝ အဆင့်ဆင့်မြင့်မားတိုးတက်မှုကိုလည်း တာဝန်ရှိသူအသီးသီးက စနစ်တကျမှတ်တမ်း ပြုစုထားရန် လိုအပ်ကြောင်း၊ ပညာရေးကဏ္ဍတွင် လွိုင်နန်းဖကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲက တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက်နှုန်း ၃၃ဒသမ ၈၃ရာခိုင်နှုန်းဖြင့် ပြည်နယ်အတွင်း ပထမဆုကိုလည်းကောင်း၊ မြို့နယ်အနေဖြင့်လည်း အောင်ချက်နှုန်း၁၇ဒသမ ဝ၈ ရာခိုင်နှုန်းဖြင့် ပြည်နယ်အတွင်း အဆင့်(၁)ရရှိကြောင်းသိရ၍ ဝမ်းမြောက်ကြောင်းနှင့် ယခုကဲ့သို့ ပညာရည်ထူးချွန် မြင့်မားသောကျောင်းများ ပိုမိုပေါ်ထွန်းလာအောင် အားလုံးက ဝိုင်းဝန်းပံ့ပိုးကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ဒီမောဆိုအခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းဝင်းအတွင်း ကျောင်းဆောင်များတည်ဆောက်ထားမှု အခြေအနေ၊ သိပ္ပံခန်းနှင့် သင်ထောက်ကူစာသင်ခန်းများ ဆောင်ရွက်ထားမှု အခြေအနေနှင့် ကျောင်းသား ကျောင်းသူများ စာသင်ကြားနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေဝင်းက လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် ဒီမောဆိုမြို့ပြည်သူ့ဆေးရုံသို့ရောက် ရှိကြပြီး ဆေးရုံတွင် ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းနှင့် လူနာဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဆရာဝန် ဒေါက်တာထွန်းလွင်နှင့် တိုက်နယ်ဆရာဝန် ဒေါက်တာဒေါ်နန်းစိုးတို့က လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဆေးရုံတက်ရောက်နေသော လူနာများအား လက်ဆောင်ပစ္စည်းနှင့်ထောက်ပံ့ငွေများကို ပေးအပ်သည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယက ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် အဖွဲ့သည် ဒီမောဆိုမြို့နယ် အခွန်ဦးစီးဌာနရုံး၌ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ အလုပ်အမှုဆောင်များနှင့်အသင်းဝင်များအား တွေ့ဆုံရာအသင်းအတွင်းရေးမှူးက လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များမှာကြားသည်။

လှည်းဆိပ်အထက ဖြတ်ဆရာပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် လှည်းဆိပ် အခြေခံပညာအထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ကြီးများနှင့် (၁၉၈၁–၈၂)ထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာဆရာမများအား ကျောင်းသားကျောင်းသူဟောင်းများက ပထမအကြိမ်မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို မတ် ၂ရက် (တပေါင်းလပြည့်နေ့) နံနက် ၁၀နာရီတွင် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ ဖိတ်စာရသည်ဖြစ်စေမရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများကို ကိုဝင်းခိုင် (ခိုင်ဇော်သဘော်ဆေးဆိုင်) သမိုင်း– ဖုန်း–၀၉–၅၀–၁၇၂၈၈၊ ၀၉–၈၀–၃၃၃၆၇၊ ၀၁–၆၆၀၁၈၂၊ကိုအေးသန်း(တိုက်ကြီး) ၀၅၅–၂၀၃၅၂၊ ကိုကျော်ဟန်သိန်း(တိုက်ကြီး) ၀၅၅–၂၀၅၈၃ တို့သို့ အချိန်မီဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဒီမောဆိုမြို့နယ် ငွေတောင်ဆည်သို့ ရောက်ရှိကြပြီး မြို့နယ်ဆည်မြောင်း ဦးစီးဌာနမှ ဦးထွန်းမြတ်မင်းက ငွေတောင်ဆည်နှင့်စပ်လျဉ်းသည့်အချက်အလက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၁၅ရက်က ဘုရင့်နောင် ကမ်းနားလမ်း ၁၆လမ်းထိပ် သုဝဏ္ဏ ရန်ကုန်သစ်ရပ်ကွက်ရှိ သိရီရတနာ သီလရှင်စာသင်တိုက် နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ရန် မတည်လှူဒါန်းငွေ ကျပ်သိန်း ၂၀ ကို ဆရာမ ဒေါ်ရွှေပုနှင့် ညီမ ဒေါ်ကြူကြူဝင်း (D.S.Pနည်းပြ)မှ ဆရာလေး ဒေါ်စန္ဒာရီ (သာသနဓဇဓမ္မာစရိယ) ပဓာန နာယကထံလှူဒါန်းစဉ်။ (က–ပ)

ဧည့်သည်တို့ တွေ့ကြုံခံစား မြန်မာ့စိတ်ထား၊ မြန်မာ့နှလုံးသား

မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ၏ ယခုနှစ် ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်မှုမှာ ယခင်နှစ်များကထက် ပိုမိုကောင်းမွန်လာခြင်းကြောင့် အခြေအနေကောင်းများ ရှိနေကြောင်း သတင်းကောင်းများကို ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း အသိုင်းအဝိုင်းများမှ ကြားသိရသည်။

စင်စစ်အားဖြင့် မြန်မာနိုင်ငံ၏ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများမှာ သဘာဝအတိုင်း ပကတိအလှမပျက် ရှိနေသေးသော မြန်မာ့ရေမြေတောတောင် ပင်လယ်ကမ်းခြေရှုခင်းများနှင့် အစဉ်အလာကြီးမားသော ယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်းဒေသများပေါ်တွင် အခြေစိုက် လုပ်ကိုင်နေကြခြင်းဖြစ်သည်။ ကမ္ဘာလှည့် ခရီးသည်များကို ဆွဲဆောင်စရာအဖြစ် အချို့နိုင်ငံများတွင် ဖန်တီးထားလေ့ရှိသော အရာများ မြန်မာနိုင်ငံတွင်မရှိ။ Disney Land မရှိ။ Casino မရှိ။ ညပျော်ပွဲ (Night Life) များ မရှိ။ ကမ္ဘာလှည့်ခရီးသည်တို့၏ အိတ်ကပ်ထဲ၌ ပါလာသော ငွေကြေးတို့ကို ချူ၍ သဲ့ယူ ဖဲ့ယူရန် အတတ်ပညာနှင့် ရင်းနှီးမှုမျိုး မြန်မာနိုင်ငံတွင် မရှိ။

သည်ကြားထဲတွင်မှ မြန်မာနိုင်ငံနှင့် စပ်လျဉ်းသည့် မမှန်မကန်သတင်းများ၊ လုပ်ကြံဖန်တီးထားသည့် သတင်းများ၊ အမနာပသတင်းများက ကမ္ဘာ့နိုင်ငံကြီးအချို့၏ မီဒီယာအမျိုးမျိုးမှနေ၍ ကမ္ဘာ့ဒေသများသို့ ပျံ့နှံ့နေခဲ့သည်။ စေတနာဆိုးဖြင့် ထုတ်လွှင့်ခဲ့သော သတင်းမှားများကို ဟုတ်နိုးနိုးထင်၍ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် မလာဝံ့ဝံ့၊ လာဝံ့ဝံ့ ဖြစ်နေခဲ့ကြရသူများစွာ ရှိခဲ့သည်။

မည်သို့ပင်ဖြစ်စေကာမူ တစ်နည်းနည်းဖြင့် မြန်မာနိုင်ငံသို့ လာရောက်ကြသူ ခရီးသည်များမှာ မြန်မာ့မြေပေါ်ခြေချမိသည်နှင့် သူတို့ကြားသိခဲ့ရသော သတင်းမှားများနှင့် ပကတိအရှိတရားတို့ လွန်စွာ ကွာခြားနေကြောင်း ကိုယ်တွေ့ကြုံကြရသည်။ တည်ငြိမ်အေးချမ်းစွာ သဘာဝမပျက် လှပနေသော "ရွှေနိုင်ငံ"၏ အလှတရားကို အသိအမှတ်ပြုကြရသကဲ့သို့ ဧည့်သည်ကို ဦးစားပေးတတ်သော၊ ဧည့်သည်အပေါ် အလေးထားတတ်သော၊ ဧည့်သည်ကို ကူညီတတ်သော မြန်မာတို့၏နှလုံးသားကိုလည်း လေးစားစွာ သိရှိနားလည်ခွင့်ရကြသည်။ "မြန်မာ့စိတ်ရင်း ကူညီခြင်း"ဟူသော ဆောင်ပုဒ်တစ်ခုရှိသည်။ ဤသည်မှာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် ရည်ရွယ်သော ဈေးကွက်ဝင်ဆောင်ပုဒ်မည်ကာမတ္တမျှသာ မဟုတ်ကြောင်း ဖြစ်ရပ်မှန်သတင်းတစ်ခုက သက်သေပြုထားသည်။ ဤသတင်းမျိုး ယခင်ကလည်းဖြစ်ခဲ့၊ ယခုလည်းဖြစ်ဆဲ၊ နောင်လည်း ဖြစ်နေဦးမည်။

ဖေဖော်ဝါရီလ ၆ရက်နေ့ ညဦးပိုင်းတွင်ဖြစ်သည်။ ကြေးမုံသတင်းစာတိုက်သို့ မြန်မာအမျိုးသားကြီးတစ်ယောက်နှင့် အနောက်နိုင်ငံသားလူငယ် ဧည့်သည်နှစ်ယောက်တို့ ရောက်လာကြသည်။ သူတို့ရောက်လာရသည့်အကြောင်းမှာ နိုင်ငံခြားသားဧည့်သည်၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားခြင်းကြောင့် ကြော်ငြာထည့်ရန် ဖြစ်သည်။ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားသူ လူငယ်မှာ လွန်စွာ ပူပင်သောက ရောက်နေပုံရသည်။

အဆိုပါ လူငယ်၏အမည်မှာ Enrique ဖြစ်သည်။ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရာတွင် သူနှင့်အတူ Daniel, Alfonso, Ricardo နှင့် Javier တို့လည်း ပါလာသည်။ သူတို့သည် စပိန်နိုင်ငံ မဒရစ်မြို့မှ IBERIA လေကြောင်းလိုင်းတွင် အလုပ်လုပ်ကိုင်နေကြသူ လူငယ်များဖြစ်ကြပြီး အသက်အားဖြင့် အငယ်ဆုံးမှာ (၂၉)နှစ် ဖြစ်၍ အကြီးဆုံးမှာ (၃၇)နှစ်ဖြစ်သည်။ ရန်ကုန်မြို့သို့

ပတ်စ်ပို့နှင့် ကင်မရာများ ပျောက်ဆုံးခဲ့ရာမှ ပြန်လည်ရရှိ၍ ဝမ်းသာပျော်ရွှင်ခဲ့ရသူ အင်းန်ရစ် (ယာအစွန်)၊ ဦးဇော်ဝင်း (May Fair Inn) (ယာမှဒုတိယ)နှင့် စပိန်လူငယ် ကမ္ဘာလှည့်ခရီးသည်တို့အား ဤသို့တွေ့ရသည်။

ဆိုက်ရောက်လာပြီးနောက် ၃၈ လမ်းရှိ May Fair Inn တွင် တည်းခိုကြသည်။

"ရောက်ရောက်ချင်းနေ့ပဲ ညနေ ၅ နာရီလောက်မှာ သူတို့ ရွှေတိဂုံဘုရားကို သွားကြတယ်။ ဘုရားရင်ပြင်တော်ပေါ်ကနေ နေဝင်ချိန်ရှုခင်းကို ရင်သပ်ရှုမောခံစားပြီးတော့ ကြည့်ကြတယ်။ အေးအေးဆေးဆေး အနားယူကြတယ်။ ဘုရားဝတ်ပြုတာ၊ ဆုတောင်းတာတွေကို ကြည့်ပြီး ကြည်ကြည်နူးနူး ခံစားကြရတယ်လို့လည်း ပြောပါတယ်။ ဘုရားပေါ်က ပြန်ဆင်းလာကြပြီးတဲ့နောက် တက္ကစီငှားစီးပြီး မြို့ထဲကိုပြန်လာ၊ ဆူးလေမှာ ဆင်းကြတယ်။ ရည်ရွယ်ချက်ကတော့ ရန်ကုန်မြို့လယ်မှာ လျှောက်ကြည့်မလို့ဘဲ။ အဲဒီအချိန်မှာ အင်းန်ရစ်က သူ့အိတ်ပါမလာဘူး ဆိုတာ သတိပြုမိတယ်။ ဘုရားပေါ်မှာ ကျန်ခဲ့တယ်လို့ ထင်ပြီး ဘုရားကို နောက်တစ်ခေါက် ပြန်သွားရှာကြတယ်။ ရှာမတွေ့ကြတော့ဘူး။ အိတ်ထဲမှာ ဆိုနီ ဗီဒီယိုကင်မရာ တစ်လုံး၊ ဒစ်ဂျစ်တယ် ကင်မရာတစ်လုံး၊ စပိန်နိုင်ငံသား မှတ်ပုံတင်ကတ် တစ်ခု၊ နိုင်ငံကူးလက်မှတ်တစ်ခုနဲ့ အမေရိကန်ဒေါ်လာ ၇၀ တို့ ပါသွားတယ်။ ဒါနဲ့ပဲ ဘုရားဂေါပကကို သတင်းပို့၊ ဒဂုံမြို့နယ် ရဲစခန်းကိုလည်း တိုင်ကြားခဲ့တယ်။ အားလုံးကလည်း သူတို့ကို စိတ်ရောကိုယ်ပါ အကူအညီပေးကြပါတယ်"ဟု May Fair Inn ပိုင်ရှင် ဦးဇော်ဝင်းက ပြောကြားသည်။

အောင်နိုင်ဦး (ကြေးမုံ)

ကြေးမုံသတင်းစာတိုက်မှ စာတည်းမှူးချုပ်နှင့် တကွ ကြော်ငြာဌာနမှ ဝန်ထမ်းများ၏ ကူညီမှုဖြင့် ဖေဖော်ဝါရီလ ၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် အင်းန်ရစ်၏ စပိန်နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားကြောင်းနှင့် တွေ့ရှိ၍ ပြန်လည်ပေးအပ်သူကို ထိုက်ထိုက်တန်တန် ကျေးဇူးတုံ့ပြန်ပါမည့်အကြောင်း ကြော်ငြာတိုလေးတစ်ခု ပါရှိသွားသည်။

"သတင်းစာဖတ်ပရိသတ်တွေ သတင်းစာဖတ်ပြီးတဲ့ အချိန်လောက်မှာ ထူးခြားလိမ့်မယ်လို့ ကျွန်တော် ယုံကြည်နေခဲ့တယ်။ နေ့လယ် ၁၂ နာရီလောက်ကစပြီး ဖုန်းကို ကျွန်တော်မျှော်နေတယ်။ မျှော်လင့်ထားတဲ့ အတိုင်းပဲ မွန်းလွဲ ၁ နာရီခွဲလောက်မှာ ဖုန်းဝင်လာတယ်။ အင်းန်ရစ်ရဲ့ Passport နဲ့ ပစ္စည်းတွေကို ရထားတဲ့ တက္ကစီယာဉ်မောင်းတစ်ဦးက May Fair Inn ကို ဆက်သွယ်လာပါတယ်။ သူတို့က ဘုရားပေါ်မှာ ကျန်ခဲ့တယ်လို့ထင်ပေမယ့် တကယ်တော့ တက္ကစီပေါ်မှာ ကျန်ခဲ့တာကိုး။ ပစ္စည်းတွေပြန်ရပြီ ဆိုတဲ့ သတင်းလည်းကြားရော ဝမ်းသာပျော်ရွှင်လွန်းလို့ သူတို့အဖွဲ့လည်း ထခုန်ကြပြီး ဆူညံနေတာပါပဲ"ဟု ဦးဇော်ဝင်းက ထိုနေ့တွင် ဖုန်းဆက်၍ ပြောသည်။

စပိန်နိုင်ငံသား လူငယ်များအနေဖြင့် ၎င်းပစ္စည်းများ ပြန်ရလိမ့်မည်ဟု မျှော်လင့်မထားကြကြောင်း၊ သတင်းစာကြော်ငြာမှတစ်ဆင့် ဤသို့ အကျိုးရလဒ်များ ဖြစ်ပေါ်လာသည်ကိုလည်း လွန်စွာ အံ့အားသင့်ကြကြောင်း၊ ၎င်းတို့နိုင်ငံတွင်ဆိုလျှင် ပြန်ရဖို့မလွယ်ကူကြောင်း၊ သတင်းစာများကိုလည်း လူများက ဂရုတစိုက် ဖတ်လေ့မရှိကြောင်း၊ မြန်မာတို့၏ ရင်းနှီးနွေးထွေးစွာ ကူညီမှု၊ ရိုးသားမှုတို့ကို များစွာ အသိအမှတ်ပြုကြကြောင်း ဦးဇော်ဝင်းက ဆက်လက်ပြောကြားသည်။

ဖေဖော်ဝါရီလ ၇ ရက်နေ့ မွန်းလွဲပိုင်းတွင် အင်းန်ရစ် မေ့ကျန်ခဲ့သော ပစ္စည်းများကို ရရှိထားသည့် တက္ကစီဆရာ May Fair Inn သို့ ရောက်လာပြီး ပစ္စည်းများကို ပြန်လည်ပေးအပ်သည်။ မပျောက်ဆုံးမီက အတိုင်းပင် တစ်ခုမကျန် ပြန်ရသည်။ မိမိတို့မြန်မာများမှာ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြသူများဖြစ်ကြောင်း၊ ဗုဒ္ဓ၏ အဆုံးအမအတိုင်း လောဘသက္ကာယ တွယ်ငြိမှုနည်းပါးအောင် ကျင့်ကြံနေထိုင်ကြကြောင်း၊ ငါးပါးသီလကိုလည်း စောင့်ထိန်းကြပါကြောင်း၊ မိမိအနေဖြင့်လည်း ဆင်းရဲသည့်တိုင်အောင် သူတစ်ပါး၏ပစ္စည်းကို မတရားယူလိုခြင်း အလျဉ်းမရှိပါကြောင်း တက္ကစီကားဆရာက စပိန်လူငယ်များကို ရှင်းလင်းပြောကြားသွားခဲ့ကြောင်း သိရသည်။

အင်းန်ရစ်တို့အဖွဲ့သည် မြန်မာနိုင်ငံတွင် ဖေဖော်ဝါရီလ ၆ ရက်နေ့မှ ၂၅ ရက်နေ့အထိ နေထိုင်ကြမည်ဖြစ်ပြီး ပုဂံ– ညောင်ဦး၊ မန္တလေး၊ အင်းလေးနှင့် ချောင်းသာ ပင်လယ်ကမ်းခြေများသို့ သွားရောက်လည်ပတ်ကြမည်ဖြစ်သည်။ ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ်အဖြစ် လာရောက်လည်ပတ်ကြ ခြင်းဖြစ်ပြီး မြန်မာလူမျိုးများ၏ ရင်းနှီးဖော်ရွေမှု၊ ရိုးသားမှု၊ ဧည့်သည်အပေါ် အလေးအနက်ထား ကူညီမှုတို့ကို သိရှိခံစားကြရသည့်အလျောက် နောက်ထပ်လည်း အကြိမ်ကြိမ် လာရောက်လည်ပတ်လိုကြကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။ ။

မြန်မာနိုင်ငံသို့ လာရောက်ကြသူ ခရီးသည်များမှာ မြန်မာ့မြေပေါ် ခြေချမိသည်နှင့် သူတို့ကြားသိခဲ့ရသော သတင်းမှားများနှင့် ပကတိ အရှိတရားတို့ လွန်စွာ ကွာခြားနေကြောင်း ကိုယ်တွေ့ ကြုံကြရတော့သည်။

မြဝတီရုပ်မြင်သံကြား

၁၇–၂–၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၁၅	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၂၅	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၃၅	၆။	ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၇း၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၂၀	၄။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၃၀	၅။	ရုပ်မြင်သံကြားဇာတ်လမ်း **"ပြိုးတော်မူ"** (ဒုတိယပိုင်း) **သရုပ်ဆောင်**–ဒွေး၊အိန္ဒြာကျော်ဇင်၊ **ဒါရိုက်တာ**–ကုသိုလ်
၁၃း၅၀	၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၄း၃၅	၄။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၅း၃၅	၅။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၆။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၇။	နိုင်ငံတကာသတင်း
၆း၂၀	၈။	မိုးလေဝသသတင်း
၆း၂၅	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀	၁၀။	လျှပ်တစ်ပြက်
၆း၄၀	၁၁။	အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇း၀၀	၁၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မုန်တိုင်းကြားက ချစ်လိပ်ပြာ"** (အပိုင်း–၁၀)
၈း၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၅။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၁၆။	FA CUP ဘောလုံးပွဲ Chelsea Vs Norwith City

ဆုချီးမြှင့်

အမက (၂၂)တာမွေ၏ ၂၀၀၆–၂၀၀၇ပညာသင်နှစ် ပညာရည်ချွန်ဆုပေး ပွဲအခမ်းအနားကို အောင်သီရိခန်းမ၌ ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပရာ သူငယ်တန်းမှ ဒုတိယတန်းအထိ သုံးနှစ်ဆက်တိုက် ပထမဆုရ မောင်ဘုန်းမင်းသန့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌွေး ဆုချီးမြှင့်စဉ်။ (က–ပ)

မော်လမြိုင် အဘယသုတာရာမ စာသင်တိုက် လေးထပ်ကျောင်းဆောင်သစ်အတွက်ငွေလှူ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မွန်ပြည်နယ် မော်လမြိုင်မြို့ အဘယသုတာရာမစာသင်တိုက် ပရဝဏ် အတွင်း ငွေကျပ် သိန်းတစ်ထောင်ကျော် အကုန်အကျခံ တည်ဆောက်ဆဲဖြစ်သည့် လေးထပ်ကျောင်းဆောင်သစ် အတွက် အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်က ယင်းကျောင်းတိုက်၌ ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ အတွင်းရေးမှူး အဘယသုတာရာမ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ သာသနထံမှ ပရိသတ်တို့က ရှစ်ပါး သီလခံယူဆောက်တည်ကြသည်။

ယင်းနောက် အလှူငွေပေးအပ်ပွဲ ကိုကျင်းပရာ ဒေါ်ပိုက်၊ သမီး ငယ်ငယ် မိသားစုတို့က ငွေကျပ် ၁၅သိန်း **(ယာပုံ)** ဦးကျင်တိတ်–ဒေါ်ခင်သိန်း (မြန်မာ့ဆေးမျိုးစုံဆိုင်)တို့က ငွေကျပ် ၂၄သိန်း၊ ဒေါ်သိန်းသိန်း၊ သမီးမမြဝင်းကြည် တို့က ငွေကျပ်ငါးသိန်း၊ ဒေါ်ခင်စီ၊ ဒေါ်မြစီ ညီအစ်မတစ်စုတို့က ငွေကျပ် ၁၀သိန်း၊ ဦးကျုံလွမ်–ဒေါ်ရင်ကို မိသားစုတို့က ငွေကျပ်ခြောက်သိန်း၊ ဦးကြည်သိန်း–ဒေါ်လှလှ၊ သမီး မသက်သက်ဝင်း မိသားစုတို့က ငွေကျပ်သုံးသိန်း၊ ဦးတင်လှိုင်–ဒေါ်သန်းသန်းဝင်း (ကျော်ကြား ဆောက်လုပ်ရေးပစ္စည်းရောင်းဝယ်ရေး) မိသားစုတို့က ငွေကျပ် ငါးသိန်း၊ ကိုခင်လတ်–မမိုးမိုးဝင်း (ရန်ကုန်)မိသားစုတို့က ငွေကျပ်တစ်သိန်း ခြောက်သောင်း၊ ဒေါ်ကွေ့မိသားစုနှင့် ဦးစိုးသန်း–ဒေါ်မြင့်မြင့်ခိုင်မိသားစုတို့က ငွေကျပ်ငါးသိန်းစီ၊ ပခုက္ကူမြို့နေ ဒေါ်လှဆင့်မိသားစုတို့က ငွေကျပ်သုံးသိန်း၊ လေးသိန်းစီ၊ ဦးဝေါင်ယူကောင်း–ဒေါ်ထွေးကြည် မိသားစုတို့က ငွေကျပ် နှစ်သိန်းနှစ်သောင်း၊ ဦးသက်တင်–ဒေါ်ကြည် မိသားစုတို့က ငွေကျပ် နှစ်သိန်းတစ်သောင်း၊ မရှုရီ(ခ)မမိငယ် မိသားစုနှင့် ဒေါ်သန်းသန်းမြင့် မိသားစု မချိုချိုမှာ မိသားစုတို့က ငွေကျပ် ငါးသိန်းတစ်သောင်း၊ အေဝမ်းဘီတူး အထည်ဆိုင်မိသားစုနှင့် ဦးစိန်ရွှေ–ဒေါ်သန်းစိန် မိသားစုတို့က ငွေကျပ် ငါးသိန်းစီ၊ ဦးမောင်ငယ်၊ သမီး ဒေါ်သန်းသန်းမိသားစုနှင့် ဒေါ်မြသိန်း၊ ဒေါ်လှသိန်း မိသားစုတို့က ငွေကျပ် တို့က ငွေကျပ် နှစ်သိန်းစီ၊ ဒေါ်ခင်မြိုင် မိသားစုတို့က ငွေကျပ်တစ်သိန်းခြောက်သောင်း၊ အလှူရှင်၃၅ဦးတို့က ငွေကျပ် တစ်သိန်းစီ စုစုပေါင်း အလှူငွေကျပ် သိန်းတစ်ရာ့ငါးဆယ် ခြောက်သောင်း တို့ကို ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခင်ပွန်း ဦးမျိုးညွန့်၊ သား ကိုရဲလွင်၊ ကိုရဲထွန်းတို့အားရည်စူး၍ ကောလင်းမြို့ သန့်ဇင်ဝင်း ဆေးပေါ့လိပ်ခုံ ပိုင်ရှင် ဒေါ် သန်း ရီ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၀သိန်းကို ရွှေစင်တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဂန္ဓမာလာ လင်္ကာရထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

တာမွေကြီးပွားရေးဓမ္မာရုံ အထူးတရားပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

တာမွေမြို့နယ် တာမွေကြီး က/ဂ ရပ်ကွက်လုံးဆိုင်ရာ တာမွေကြီးပွားရေး ဓမ္မာရုံကြီး၏ (၇၆)နှစ်မြောက် ဆွမ်းဒါန အောင်ပွဲ အထိမ်းအမှတ်အဖြစ် အထူး တရားပွဲကြီးကို ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၁၉ရက်တွင် အရှင်ဒေဝိန္ဒာလင်္ကာရာဘိဝံသ (သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်)၊ ၂၀ရက်တွင် အရှင်ခေမာသိရီလင်္ကာရ(ရွှေပြည်ဟိန်းဆရာတော်)၊ ၂၁ ရက်တွင် အရှင်ဆေကိန္ဒ (ဓမ္မဒူတ ဆရာတော်)၊ ၂၂ရက်တွင် သီတဂူ ဗုဒ္ဓကမ္ဘာ့တက္ကသိုလ် အဓိပတိ အရှင်ဉာဏိဿရတို့က ညစဉ် ဓမ္မာရုံကြီး၏ ဉပစာရှေ့၌ ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်းနှင့် အဆိုပါ တရားပွဲတွင် သီတဂူ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြု ဗိမာန်တော်ကြီး ဆောက်လုပ်ခြင်းအတွက် အလှူငွေများ လှူဒါန်းလိုပါက ဖုန်း–၀၉–၉၉–၇၃၃၆၇၊ ၀၉–၅၁–၁၅၇၈၄၊ ၅၄၅၂၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

မဟာဗောဓိစေတီ ထီးတော်တင်ပွဲနှင့် ဌာပနာပိတ်ပွဲ အလှူမင်္ဂလာ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ကော့သောင်းမြို့နယ် မလိဝမ်းရှမ်းကျောင်း ဆရာတော်ဦးသုဓမ္မဦးစီး၍ မလိဝမ်းရှမ်းကျေးရွာ၌ တည်ထားကိုးကွယ်တော်မူသော မဟာဗောဓိစေတီတော် ထီးတော်တင်ပွဲနှင့် ဌာပနာပိတ်ပွဲ အခမ်းအနားကို (၁၃၆၈ခုနှစ် တပေါင်းလပြည့်နေ့) မတ် ၂ရက် (သောကြာနေ့)တွင် မင်္ဂလာထီးတော်တင်ပွဲ ဌာပနာပိတ်ပွဲ ကျင်းပမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးနေ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား ကြွရောက်ကြပါရန် နှိုးဆော်ဖိတ်ကြားထားကြောင်း သိရသည်။ **(က–ပ)**

ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း ကျပ် ၅၆သိန်း မျှဝေလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်းသည် အားကိုးရာမဲ့နာတာရှည် ကင်ဆာဝေဒနာရှင်(ဧည့်သည်)များကို ၁၉၉၈ခုနှစ်မှစ၍ ယနေ့အထိ ကိုးနှစ်အတွင်း (ရန်ကုန်နှင့်မန္တလေး) ဝေဒနာရှင်စုစုပေါင်း ၁၆၆၃ဦးကို ပြုစုစောင့်ရှောက်လျက်ရှိရာ ဂျပန်နိုင်ငံ Shikata Okayama University Graduate School of Medicine, Dentistry and Pharmaceutical Sciences, Department of Anti-aging Food Sciences မှ မေတ္တာကရုဏာရှင် တစ်ဦးဖြစ်သည့် Mr. Teruo HARANO, Ph. D သည် ရန်ကုန်မြို့(NHL)မှ ညွှန်ကြားရေးမှူး ဒေါက်တာဦးနေဝင်း၏ ဆက်သွယ်မှုဖြင့် ဖေဖော်ဝါရီ၇ရက်က ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုရှိ ဝေဒနာရှင်များအား ကြည့်ရှုနှစ်သိမ့်အားပေးပြီး ငွေကျပ်၅၆သိန်းကို မျှဝေလှူဒါန်းသွားရာ ဖောင်ဒေးရှင်းနာယက ဗိုလ်မှူးချုပ် အေဘဲလ်(ငြိမ်း)နှင့် အဖွဲ့ဝင်များက လက်ခံယူခဲ့ကြကြောင်း သိရသည်။ **(က–ပ)**

ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန စံပြရင်သွေးအိမ် မူလတန်းကြိုကျောင်း၏ ၂၀၀၇ခုနှစ် ကာယစွမ်းရည်ပြိုင်ပွဲ ဆုပေးပွဲကို ဖေဖော်ဝါရီ ၄ရက်က ကျင်းပရာ ဆုရကလေးငယ်များအား လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်နော်သဝါးက ဆုချီးမြှင့်စဉ်။
(လူမှုဝန်ထမ်း)

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးပွဲတော်

တနင်္သာရီတိုင်း ပုလောမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲတော်ကို ဇန်နဝါရီ ၂၆ရက်က မကျည်းကုန်းကျေးရွာတွင် ကျင်းပရာ ဒေသခံပြည်သူ ၅၀၀ကျော်က ခြံစည်းရိုးကြက်ဆူပင် လေးဧကကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ပညာရေးစုံညီပွဲတော်ကျင်းပ

ရှမ်းပြည်နယ် (တောင်ပိုင်း) နောင်တရားမြို့ အခြေခံပညာ အထက်တန်းကျောင်း၏ ပညာရေး စုံညီပွဲတော်ကို ဇန်နဝါရီ ၁၉ ရက်က အဆိုပါ ကျောင်းခန်းမဆောင်သစ်၌ ကျင်းပရာ အခမ်းအနားတွင်၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲကို ထူးချွန်စွာအောင်မြင်ခဲ့သူများ၊ အတန်း အသီးသီးတွင် ထူးချွန်သော ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူ အသီးသီးက ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

ကျပန်းစကားပြောပြိုင်

မန္တလေးတိုင်း တပ်ကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းက ကြီးမှူးကျင်းပသော (၆၂) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို ဇန်နဝါရီ ၂၉ရက်က ဗုဒ္ဓသာသနာပြု ဗိမာန်ကျောင်း၌ ကျင်းပရာ ပြိုင်ပွဲတွင် နဝမတန်းမှကျောင်းသူ မထက်ရည်ချောက ပထမ၊ ဆဋ္ဌမတန်းမှ ကျောင်းသားမောင်စိုင်းပီတိက ဒုတိယနှင့် အဋ္ဌမတန်းကျောင်းသား မောင်သက်ကိုကိုကျော်က တတိယရရှိခဲ့သည်။

ဆီးချို၊ သွေးချိုရောဂါအကြောင်း ဟောပြော

မကွေးတိုင်း ရေစကြိုမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ကမ္ဘာ့ဆီးချို၊ သွေးချိုနေ့ အကြိုဟောပြောပွဲကို မြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ခေတ္တကျန်းမာရေးမှူး ဒေါက်တာငုဝါက ဆီးချို၊ သွေးချိုရောဂါအကြောင်း ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

ကျေးလက်လမ်းဘေးဝဲယာချုံနွယ်ရှင်းလင်း

ကချင်ပြည်နယ် ကာမိုင်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ ပူးပေါင်း၍ ဇန်နဝါရီ ၂၉ ရက်က ကာမိုင်း–ဒွန်ဘန်ကျေးလက်လမ်း လမ်းဘေးဝဲယာ၌ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ တံတားပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ပညာရေးစုံညီပွဲတော်

စစ်ကိုင်းတိုင်း ကောလင်းမြို့နယ် ဆင်ကုန်းအခြေခံပညာ မူလတန်းလွန်ကျောင်းတွင် ဇန်နဝါရီ ၁၁ရက်က ပညာရေးစုံညီပွဲတော်ကို ကျင်းပပြီး အခမ်းအနားတွင် ပြေးခုန်ပစ်၊ စာပေပြိုင်ပွဲ၊ ဘာသာရပ်ဆိုင်ရာများတွင် ထူးချွန်သူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

မီးဘေးကာကွယ်ရေး ဟောပြော

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့မ စည်ပင်သာယာရေးဈေးကြီး အတွင်း ဇန်နဝါရီ ၂၉ရက်က ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်တိုး၊ တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်တိုး၊ ဈေးတာဝန်ခံဦးသာထူးနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးအုန်းကျော်တို့က ဆေးဆိုင်ခန်းများကို စစ်ဆေးကြပြီး ဈေးသူဈေးသားများအား မီးဘေး ကာကွယ်ရေးအတွက် ဟောပြောခဲ့ကြကြောင်း သိရသည်။

ယွန်းလက်မှု အနုပညာပွဲတော်

သမဝါယမဝန်ကြီးဌာန အိမ်တွင်း စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ကြီးမှူးပြီး ယွန်းအနုပညာဆိုင်ရာ စာတမ်းဖတ်ပွဲ၊ ယွန်းလက်မှုအနုပညာပြပွဲ၊ ပြိုင်ပွဲနှင့် အရောင်းပွဲတော်ကို မန္တလေးတိုင်း ပုဂံမြို့ ယွန်းပညာကောလိပ်၌ ဖေဖော်ဝါရီ ၁၅ရက်က ဖွင့်လှစ်ရာ အခမ်းအနားကို ညောင်ဦးခရိုင်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ ယွန်းပညာကောလိပ်ကျောင်းအုပ်ကြီး ဦးသောင်းလင်းနှင့် ယွန်းပညာရှင် ဦးတင်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ကျောင်းဆောင်သစ်နှင့် စာရေးခုံများပေးအပ်

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ဆောက်ဝိုင်းကြီးကျေးရွာ မူလတန်းလွန် ကျောင်း၏ ကိုယ့်အားကိုယ်ကိုးကျောင်း ဆောင်သစ်နှင့် စာရေးခုံများအား မြို့နယ်ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၂၇ရက်က အဆိုပါ ကျောင်း၌ကျင်းပရာ ကျောင်းဆောင်သစ်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေက ကျောင်းဆောင်သစ်ဖြစ်ပေါ်လာပုံ ရှင်းလင်းပြောကြားပြီး ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို မြို့နယ် လက်ထောက်ပညာရေးမှူး ဦးမောင်မောင်လတ်ထံ လွှဲပြောင်းပေးအပ်သည်။

စည်းရုံးရေးမွမ်းမံသင်တန်းဖွင့်လှစ်

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ကြီးမှူးဖွင့်လှစ်သော စည်းရုံးရေး မွမ်းမံသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၄ ရက်က ပြင်ဦးလွင်မြို့နယ် အမှတ်(၅) နယ်မြေ မိုးကြိုးပစ်(စံပြ) ကျေးရွာ၌ ကျင်းပရာ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ဌေးကျော်က သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ အသင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုနေ့ ဂုဏ်ပြု လှိုင်သာယာ၌ စာပေဟောပြော

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုစာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၉ရက် မွန်းလွဲ ၁နာရီက လှိုင်သာယာ မြို့နယ် အလက(၇)တွင် ကျင်းပရာ စာရေးဆရာများဖြစ်ကြသည့် မြတ်ဝေတိုး(ပညာရေးတက္ကသိုလ်)၊ အရှေ့တိုင်း အုန်းမြင့်နှင့် ဆန်းဝင်း(အောင်မြေ) တို့က စာပေရေးရာများ ဟောပြောကြကြောင်း သိရသည်။

အလားတူ ယင်းနေ့ နံနက်ပိုင်းကလည်း အမက(၃၀)တွင် ဟောပြောခဲ့ကြောင်း သိရသည်။

စာအုပ်ပြပွဲကျင်းပ

စစ်ကိုင်းတိုင်း ပုလဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကျင်းပသည့် စာအုပ်ပြပွဲကို ဇန်နဝါရီ ၁၇ရက်က မြို့နယ်ပြန်ဆက်ရုံး၌ ကျင်းပ၍ ခရိုင်ဦးစီးအရာရှိ ဒေါ်သောင်းသောင်းဝင်းက စာအုပ်ပြပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီးနောက် တက်ရောက်သူများက ပြသထားသည့် စာအုပ်များကို ကြည့်ရှုလေ့လာကြသည်။

(မြန်မာ့အလင်း)

ကမ္ဘာ့တစ်လွှား အားကစား

ချစ်ကြည်ရေးပွဲ ယှဉ်ပြိုင်ကစားမှုများ အင်္ဂလန်အသင်း လျှော့ချသွားမည်ဟုဆို

ကိုးကားတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် ဖေဖော်ဝါရီ ၁၆

အင်္ဂလန်အသင်းသည် ၂၀၀၈ခုနှစ်မှစပြီး နိုင်ငံတကာ ချစ်ကြည်ရေးပွဲစဉ်များ ပွဲ၂၀ ယှဉ်ပြိုင်ကစားရန်စီစဉ်

အင်္ဂလန်နည်းပြ မက်ကလာရင်။ (ဓာတ်ပုံ-အင်တာနက်)

ထားရာမှ ၁၈ပွဲသို့ လျှော့ချသွားမည်ဖြစ်ကြောင်း နည်းပြမက်ကလာရင်က ပြောကြားလိုက်သည်။

ယင်းကဲ့သို့ ချစ်ကြည်ရေးပွဲများ လျှော့ချလိုက်ခြင်းမှာ ကစားသမားများ လေ့ကျင့်ချိန် ပိုမိုရရှိစေရန်အတွက်ဖြစ်ကြောင်း၊ ချစ်ကြည်ရေးပွဲများသည် မိမိအတွက် ပိုမိုအဆင်ပြေမည်ဖြစ်သော်လည်း ကစားသမားများကို ပို၍အချိန်ပေးသင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထုတ်ပြန်မည်

အင်္ဂလန်အသင်းနှင့်ကစားမည့် ချစ်ကြည်ရေးပွဲအသေးစိတ်ကို ယူရို ၂၀၀၈ ပြီးလျှင် အက်ဖ်အေက ထုတ်ပြန်ကြေညာပေးမည်ဖြစ်ကြောင်း သိရသည်။

မိမိတို့အင်္ဂလန်အသင်းသည် စုစည်းညီညွတ်ကြရမည်ဖြစ်ကြောင်း၊ ဦးစားပေးလုပ်ဆောင်ရမည့်ကိစ္စမှာ အင်္ဂလန်အသင်း အောင်မြင်မှုရရှိရေးပင် ဖြစ်ကြောင်း အက်ဖ်အေ ဆက်သွယ်ရေးညွှန်ကြားရေးမှူး အက်ဒရီယန်ဘီတန်ဇင်က ပြောကြားသည်။

သန္နိဋ္ဌာန်ချထား

အင်္ဂလန်အသင်းအနေဖြင့် ယူရို ၂၀၀၈ ခြေစစ်ပွဲအောင်နိုင်ရေးလမ်းကြောင်းပေါ်သို့ရောက်အောင် သန္နိဋ္ဌာန်ချထားကြောင်း မက်ကလာရင်က ပြောကြားသည်။

အင်္ဂလန်အသင်း၏ ယူရိုခြေစစ်ပွဲ ယှဉ်ပြိုင်မှုသည် ၂၀၀၆ခုနှစ် အောက်တိုဘာလမှစ၍ အောင်မြင်မှု မရရှိဘဲရှိသည်။ မက်ဆီဒိုးနီးယားနှင့် သရေကျပြီး ခရိုအေးရှားအသင်းကို ရှုံးနိမ့်ထားသည်။

လာမည့်လတွင် မက်ကလာရင်၏ အင်္ဂလန်အသင်းသည် အစ္စရေးနှင့် အင်ဒိုရာအသင်းကို စိုးရိမ်ဖွယ်ရာ ယှဉ်ပြိုင်ရမည်ဖြစ်သော်လည်း ရလဒ်ကောင်းအဖြေရှာရန် သန္နိဋ္ဌာန်ချထားကြောင်းလည်း မက်ကလာရင်က ပြောကြားသည်။ အင်္ဂလန်အသင်းသည် မတ်၂၈ရက်တွင် အစ္စရေးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

မန်ယူဂိုးသမား တင်ဟောင်းဝပ်အား အဲဗာတန်အပြီးခေါ်ယူ

လန်ဒန် ဖေဖော်ဝါရီ ၁၆

မန်ချက်စတာယူနိုက်တက်အသင်းမှ ဂိုးသမားတင်ဟောင်းဝပ်အား အဲဗာတန်အသင်းက အငှားခေါ်ယူထားရာမှ ပြောင်းရွှေ့ကြေး ထုတ်ဖော်ပြောကြားခြင်း မရှိသော်လည်း အမြဲတမ်းကစားသမားအဖြစ် စာချုပ်လိုက်ပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၄ ရက်က အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

အသက် ၂၇နှစ်အရွယ်ရှိ မန်ယူဂိုးသမား တင်ဟောင်းဝပ်အား အဲဗာတန်က ငါးနှစ်စာချုပ်လိုက်ကြောင်း၊ လာမည့် ရာသီမှစ၍ စာချုပ်စတင်မည်ဖြစ်ကြောင်း အဲဗာတန်ကလပ်က ပြောကြားသည်။

မန်ယူတွင် နေရာမရဖြစ်နေသော ဂိုးသမား တင်ဟောင်းဝပ်သည် အဲဗာတန်အသင်းတွင် အစွမ်းပြ ဂိုးဖမ်းပေးနိုင်ခဲ့သူ ဖြစ်သည်။ ပွဲပေါင်း ၂၇ပွဲတွင် (၁၁)ကြိမ် အကောင်းဆုံးကာကွယ်ပေးနိုင်ခဲ့သည်။

အဆိုပါ ဂိုးသမားအား မန်ယူက ၂၀၀၃ ခုနှစ် ဇူလိုင်လက နယူးယောက်မှ ပေါင် ၂ ဒသမ ၃ သန်းဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**



တင်ဟောင်းဝပ်

အဲဗာတန် ရောက် မန်ယူ ဂိုးသမား တင်ဟောင်းဝပ်။ (ဓာတ်ပုံ-အင်တာနက်)

အမြင့်ပျံငှက် ရက်ဒင်း၏ ပျံသန်းရာလမ်းကြောင်း

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် ဖေဖော်ဝါရီ ၁၆

၂၀၀၆-၂၀၀၇ ပရီမီယာလိဂ် ရာသီ၌ စိတ်ဝင်စားစရာ အကောင်းဆုံး အသင်းကို ပြပါဆိုလျှင် ယခုနှစ်မှ အတန်းတက်လာသည့် ရက်ဒင်းအသင်းကို ထိပ်ဆုံးမှ ညွှန်းပြရတော့မည် ဖြစ်သည်။

တွေ့ရမည်

ရက်ဒင်းအသင်းကို အောင်မြင်မှု ရရှိအောင် အဓိကစွမ်းဆောင်ပေးနေသူမှာ နည်းပြ စတီကိုပယ်ဖြစ်ရာ ရက်ဒင်းနှင့် စတီကိုပယ်တို့၏ အောင်မြင်မှုများကို ပြန်ပြောင်းကြည့်လျှင် အထင်အရှား တွေ့ရမည် ဖြစ်သည်။

ရက်ဒင်းအသင်းသို့ ၂၀၀၄-၂၀၀၅ ဘောလုံးရာသီကုန်ခါနီး ရောက်ရှိလာသော စတီကိုပယ်သည် အသင်း၏ ရလဒ်ဆိုးရွားနေမှုကို သူ့စိတ်ကြိုက် အခင်းအကျင်းများဖြင့် ပြောင်းလဲအစားထိုးပြီး ကစားခဲ့သဖြင့် ထိုနှစ်၌ အင်္ဂလန် ပထမတန်းတွင် အဆင့်(၇) ချိတ်နိုင်ခဲ့သည်။

ချီးမြှင့်ခံ

၂၀၀၅-၂၀၀၆ ဘောလုံးရာသီတွင် ရက်ဒင်းတို့ အင်္ဂလန် ပထမတန်းတွင် ပွဲပေါင်း ၄၆ပွဲကစားပြီး ၃၁ပွဲအနိုင်ရကာ ဖိုလ်စွဲခဲ့လေသည်။ ရက်ဒင်းတို့ အင်္ဂလိပ်လိဂ်ချန်ပီယံ ဖလားရရှိခဲ့သလို ရက်ဒင်းနည်းပြ စတီကိုပယ်လည်း ၂၀၀၆ခုနှစ် အင်္ဂလိပ်လိဂ်တွင် အကောင်းဆုံး နည်းပြဆု ချီးမြှင့်ခြင်းခံခဲ့ရသည်။

ဝက်စ်ဟမ်းအသင်းအား ခြောက်ဂိုးမြောက်သွင်းယူပြီးနောက် ရက်ဒင်း ကစားသမားများ ဤသို့အောင်ပွဲခံခဲ့ကြသည်။ (ဓာတ်ပုံ-အင်တာနက်)

ထိုသို့ အောင်မြင်မှုများဖြင့် ပရီမီယာလိဂ်သို့ တက်ရောက်လာသော ရက်ဒင်းသည် ပရီမီယာလိဂ် မျက်နှာသစ်များဖြစ်သည့် ဝက်ဖို့ဒ်နှင့် ရှက်ဖီးတို့ကဲ့သို့ မဟုတ်ဘဲ ထူးထူးခြားခြား ခြေစွမ်းပြနိုင်ခဲ့သည်။

သတိထားမိ

ပရီမီယာလိဂ် ပထမဆုံးပွဲစဉ်အဖြစ် ၂၀၀၆ခုနှစ် စက်တင်ဘာ ၁၉ရက်က ကစားခဲ့သော မစ်ဒယ်ဘရော့နှင့်ပွဲတွင် အိမ်ကွင်း၌ မစ်ဒယ်ဘရော့ကို သုံးဂိုး-နှစ်ဂိုးဖြင့်အနိုင်ကစားလိုက်ရာ ပြိုင်ဘက် ပရီမီယာလိဂ်အသင်းများ သတိထားမိသွားခဲ့သည်။

ရက်ဒင်းနည်းပြ စတီကိုပယ်က ၄း၃း၃ ပုံစံဖြင့် အမြဲတမ်းနီးပါးကစားရာ ရက်ဒင်းတို့ပွဲရလဒ်များ ကောင်းခဲ့သည်။ အိမ်ကွင်း၌ တည်ငြိမ်မှုအပြည့်၊ အပေးအယူ မှန်မှန်ဖြင့် ကစားတတ်သော ရက်ဒင်းသည် တိုက်စစ်မှူး ကီဗင်ဒွိုင်လီ၊ လီတာနှင့်ဆစ်ဝဲလ်တို့က ပုံမှန်ခြေစွမ်းပြနိုင်ပြီး အချိတ်အဆက်နှင့် နားလည်မှု ရှိရှိ ကစားတတ်ကြသဖြင့် ဂိုးများရရှိပြီး နိုင်ပွဲများလည်း ဆက်ခဲ့သည်။

ကြုံတွေ့

သို့သော် ရက်ဒင်းသည် အသင်းကြီးများကို ရှိန်နေစိတ်ရှိနေရာ ပရီမီယာလိဂ်အသင်းကြီးများနှင့်ဆုံတိုင်း အမှားအယွင်းများရှိနေပြီး ရှုံးပွဲများနှင့် ကြုံတွေ့နေရဆဲပင်ဖြစ်သည်။ အဆိုးရွားဆုံးရလဒ်မှာ အာဆင်နယ်အသင်းနှင့် အိမ်ကွင်း၌ ကစားရသော ပရီမီယာလိဂ်ပွဲစဉ်ပင် ဖြစ်သည်။ ထိုပွဲ၌ ရက်ဒင်းတို့ လေးဂိုးပြတ် ရှုံးနိမ့်ခဲ့ရရာ ရက်ဒင်းကလပ်သမိုင်းတွင် ဂိုးအများဆုံးအသွင်းခံခဲ့ရသည့်ပွဲ ဖြစ်ခဲ့ရသည်။

သို့ရာတွင် ယခုနှစ် ဇန်နဝါရီ ၁ ရက်က ကစားသော ပရီမီယာလိဂ် ပွဲစဉ်ဖြစ်သည့် ဝက်စ်ဟမ်းအသင်းနှင့် အိမ်ကွင်း၌ ကစားရာတွင် ခြောက်ဂိုးအထိ သွင်းယူနိုင်ခဲ့ရာ ရက်ဒင်းကလပ်အသင်းအတွက် ဂိုးအများဆုံးသွင်းယူနိုင်ခဲ့သော ပွဲအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။



ရက်ဒင်းကို အောင်မြင်မှု လမ်းကြောင်းပေါ် ဆောင်ကြဉ်းပေးလျက်ရှိသည့် နည်းပြ စတီကိုပယ်။ (ဓာတ်ပုံ-အင်တာနက်)

ရက်ဒင်းအသင်း၏ ပရီမီယာလိဂ်အသင်းကြီးများနှင့် ဆုံခဲ့သည့်ပွဲရလဒ်များကိုကြည့်လျှင် ချယ်လ်ဆီးကို တစ်ဂိုး-ဂိုးမရှိ၊ မန်ယူကိုအိမ်ကွင်း၌ တစ်ဂိုးစီသရေကစားပြီး လီဗာပူးကို လေးဂိုး-သုံးဂိုးဖြင့် ရှုံးနိမ့်ကာ အာဆင်နယ်ကိုလည်း လေးဂိုးပြတ် ရှုံးနိမ့်ထားခဲ့သည်ကို တွေ့ရသည်။

အလေးထား

ထို့ကြောင့် မန်ယူမှလွဲပြီး ကျန်အသင်းကြီးများကို ရှုံးနိမ့်ထားသော်လည်း အခြားအသင်းများကိုမူ စုစည်းမှုကောင်းကောင်းဖြင့် ဘယ်ညာတောင်ပံများမှ ထိုးဖောက်ကစားကာ နိုင်ပွဲများရရှိအောင် ကစားနိုင်ခဲ့သည်။ သို့သော်လည်း နည်းပြစတီကိုပယ်၏ ၄း၄း၂ ပုံစံဖြင့် ရှိန်လွန်၊ လီတာတို့ တိုက်စစ်အတွဲက ခြေစွမ်းပြကစားနိုင်ခဲ့သဖြင့် ချယ်လ်ဆီးကိုပင် နှစ်ဂိုးစီ သရေပွဲရအောင် ကစားခဲ့ရာ ရက်ဒင်းတို့ခြေစွမ်းအပေါ် ပြိုင်ဘက်အသင်းများ အလေးထားလာခဲ့ရသည်။

အကောင်းဆုံးအနေအထား

ယခု နောက်ဆုံး ကစားခဲ့သော ခုနစ်ပွဲကိုကြည့်လျှင် အက်ဖ်အေဖလားပွဲများအဖြစ် ဘင့်လေကို သုံးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ ဘာမင်ဂမ်ကို သုံးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရခဲ့ပြီး ပရီမီယာလိဂ် ပွဲစဉ်များအဖြစ် အဲဗာတန်ကို တစ်ဂိုးစီသရေ၊ ရှက်ဖီးကို သုံးဂိုး-တစ်ဂိုး၊ ဝီဂန်ကို သုံးဂိုး-နှစ်ဂိုး၊ မန်စီးတီးကို နှစ်ဂိုး-ဂိုးမရှိ၊ အက်စ်တွန်ဗီလာကို နှစ်ဂိုး-ဂိုးမရှိဖြင့် ဆက်တိုက် အနိုင်ရရှိခဲ့ရာ ရက်ဒင်း၏ခြေစွမ်းသည် အကောင်းဆုံးအနေအထားတွင် ရှိနေသည်။

ရည်မှန်း

ရက်ဒင်းအသင်းအနေဖြင့် လက်ရှိ ပရီမီယာလိဂ်၌ ခြေစွမ်းပြ ကစားနိုင်လျက်ရှိရာ လာမည့်ဘောလုံးရာသီ၌ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် ရည်မှန်းချက်ထား ကြိုးစားနေကြောင်း၊ အက်ဖ်အေဖလားကိုလည်း ရယူနိုင်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း ရက်ဒင်းနည်းပြ စတီကိုပယ်က ပြောကြားနေသည်။

ယှဉ်နိုင်သည့်အနေအထား

ရက်ဒင်းတိုက်စစ်မှူးများက ပရီမီယာလိဂ်၌ ၂၇ပွဲကစားပြီးချိန်တွင် ၄၁ဂိုး သွင်းထားနိုင်ရာ လီဗာပူးတို့ထက် ဂိုးသွင်းအား ကောင်းနေသလို ၂၇ပွဲ၊ ၄၈ ဂိုးသွင်းထားသည့် ချယ်လ်ဆီးတို့နှင့်လည်း သိပ်မကွာချေ။ ရက်ဒင်းအသင်း ခံစစ်မှူးများက အနည်းငယ် အားနည်းမှုများရှိသည်ကလွဲပြီး အသင်းလိုက် ညီညွတ်မှု၊ အပေးအယူ အချိတ်အဆက်မိမှုနှင့် ဂိုးသွင်းမှုတို့၌ ပရီမီယာလိဂ် အသင်းများကို ယှဉ်နိုင်သည့် အနေအထားရှိနေသည်။

ရင်ဆိုင်သွားမည်

ယနေ့တွင် အက်ဖ်အေဖလား ပဉ္စမအဆင့်အဖြစ် ပရီမီယာလိဂ်ထိပ်တန်း မန်ယူအသင်းနှင့် ရက်ဒင်းတို့ **(ယနေ့)** အိုးထရက်ဖို့ဒ်၌ ကစားရမည်ဖြစ်ရာ မကြာမီက ချယ်လ်ဆီးနှင့် ပူပူနွေးနွေး သရေ ကစားထားပြီး ခြောက်ပွဲဆက်တိုက် ရှုံးပွဲမရှိသေးသော ရက်ဒင်းက မန်ယူကို မည်သို့ရင်ဆိုင်သွားမည်ကို တွေ့မြင်ရမည်ဖြစ်သည်။

ရက်ဒင်းတို့ ချန်ပီယံလိဂ်ဝင်ခွင့် ရည်မှန်းချက်ကို မည်သို့မည်ပုံ ကျော်ဖြတ်ကာ ရယူနိုင်မှု ရှိ မရှိကိုလည်း စိတ်ဝင်တစား စောင့်ကြည့်ရမည်ဖြစ်သည်။ ရက်ဒင်းတို့၏ ရာသီကုန်ရလဒ်မှာလည်း လက်ရှိခြေစွမ်းအတိုင်း ထိန်းသွားပါက မျှော်မှန်းထားသလို ဖြစ်လာနိုင်ဖွယ်ရှိနေရာ အမြင့်ပျံငှက် ရက်ဒင်း၏ ပျံသန်းရာလမ်းကြောင်းကို စောင့်မျှော်ကြည့်ရှုရမည် ဖြစ်ပါကြောင်း။ ။

(ကိုးကား-အင်တာနက်သတင်းများ)

တင်ဒါပိတ်ရက် ပြောင်းလဲပြင်ဆင်ခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတွင် အသုံးပြုရန် လိုအပ်သော စက္ကူ၊ မင်နှင့် ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများအတွက် တင်ဒါပေးသွင်းမှုကို ၁၉–၂–၂၀၀၇ရက် ၁၆း၃၀နာရီတွင် ပိတ်မည်ဖြစ်ကြောင်း ၉–၂–၂၀၀၇ရက်မှ ၁၁–၂–၂၀၀၇ရက်အထိ နေ့စဉ်ထုတ်ဝေသည့် သတင်းစာများတွင် ကြော်ငြာခဲ့ပါသည်။

၂။ အဆိုပါ စက္ကူ၊ မင်နှင့် ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများအတွက် တင်ဒါပိတ်ရက်ကို ၁၉–၂–၂၀၀၇ရက် (၁၆း၃၀)နာရီအစား ၂၆–၂–၂၀၀၇ရက် (၁၆း၃၀) နာရီသို့ ပြောင်းလဲပြင်ဆင်သတ်မှတ်ပါကြောင်း အကြောင်းကြားပါသည်။

ပြည်တွင်း/ပြည်ပ
ပစ္စည်းများဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း–၀၁–၅၃၇၆၈၅၊ ၀၆၇–၄၁၂၃၂၇။

နေပြည်တော်လမ်းညွှန် (The Map of Naypyitaw)

နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ နေပြည်တော်အတွင်းရှိ ရုံးများ၊ အိမ်ရာများ၊ အဆင့်မြင့်ဈေးများ၊ မြို့မဈေး၊ သပြေကုန်းဈေး၊ အပေးပြေးယာဉ်ရပ်နားစခန်းများ၊ ဟိုတယ်များ၊ ဘဏ်များ၊ အဆင့်မြင့်ဂေါက်ကွင်းများနှင့်ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်များ၏ အချက်အချာကျသောနေရာများ ဖော်ပြထားသည့် နေပြည်တော်လမ်းညွှန်မြေပုံစာအုပ်အား ၁၅–၂–၂၀၀၇ ရက်နေ့မှစ၍ ထုတ်ဝေရောင်းချနေပြီဖြစ်ပါသည်။ နေပြည်တော် လမ်းညွှန်မြေပုံစာအုပ် (The Map of Naypyitaw) စာအုပ်တစ်အုပ်လျှင် ၂၅၀၀/–နှုန်းဖြင့် အောက်ပါဌာနများတွင် ဆက်သွယ်မှာယူနိုင်ပါသည်–

နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ကော်မတီရုံး – ၀၆၇–၄၁၄၅၉၂၊
စီမံရေးရာဌာန – ၀၆၇–၄၁၄၂၈၉။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားသုံးစွဲသူများသို့ အသိပေးချက်

လျှပ်စစ်နှင့်ပတ်သက်၍ စုံစမ်း/ မေးမြန်း/ သတင်းပေး/ တိုင်ကြားနိုင်ရန်အတွက် အောက်ပါအတိုင်း တယ်လီဖုန်းနံပါတ်များ တပ်ဆင်ထားရှိပါသည်–

စဉ်	ပြည်နယ်/တိုင်း	ရုံးဌာနများ	ဧရိယာထုတ်	တယ်လီဖုန်းနံပါတ်
၁။	နေပြည်တော်	(၁) အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဝန်ကြီးရုံး	၀၆၇	၄၁၀၆၆၆
		(၂) ပျဉ်းမနား	၀၆၇	၂၃၆၆၆
၂။	ကချင်ပြည်နယ်	(၃) မြစ်ကြီးနား	၀၇၄	၂၄၆၆၆
		(၄) မိုးကောင်း	၀၇၄	၄၀၆၆၆
၃။	ကယားပြည်နယ်	(၅) လွိုင်ကော်	၀၈၃	၂၂၆၆၆
၄။	ကရင်ပြည်နယ်	(၆) ဘားအံ	၀၅၈	၂၂၆၆၆
၅။	ချင်းပြည်နယ်	(၇) ဟားခါး	၀၇၀	၂၂၆၆၆
၆။	စစ်ကိုင်းတိုင်း	(၈) မုံရွာ	၀၇၁	၂၄၆၆၆
		(၉) စစ်ကိုင်း	၀၇၂	၂၂၆၆၆
		(၁၀) ရွှေဘို	၀၇၅	၂၂၆၆၆
		(၁၁) တမူး	၀၇၃	၄၀၆၆၆
၇။	တနင်္သာရီတိုင်း	(၁၂) မြိတ်	၀၅၉	၄၂၆၆၆
၈။	ပဲခူးတိုင်း(အရှေ့ပိုင်း)	(၁၃) ပဲခူး	၀၅၂	၂၄၆၆၆
		(၁၄) တောင်ငူ	၀၅၄	၂၆၆၆၆
၉။	ပဲခူးတိုင်း(အနောက်ပိုင်း)	(၁၅) ပြည်	၀၅၃	၂၆၆၆၆
		(၁၆) သာယာဝတီ	၀၅၅	၃၀၆၆၆
၁၀။	မကွေးတိုင်း	(၁၇) မကွေး	၀၆၃	၂၄၆၆၆
		(၁၈) မင်းဘူး	၀၆၅	၂၁၆၆၆
		(၁၉) ရေနံချောင်း	၀၆၀	၂၂၆၆၆
		(၂၀) ချောက်	၀၆၁	၂၂၆၆၆
		(၂၁) သရက်	၀၆၈	၂၁၆၆၆
		(၂၂) အောင်လံ	၀၆၉	၂၂၆၆၆
		(၂၃) ပခုက္ကူ	၀၆၂	၂၃၆၆၆
၁၁။	မန္တလေးတိုင်း	(၂၄) မန္တလေး(တိုင်းရုံး)	၀၂	၆၅၆၆၆
		(၂၅) မန္တလေး(ခရိုင်ရုံး)	၀၂	၇၃၆၆၆
		(၂၆) ပြင်ဦးလွင်	၀၈၅	၂၁၆၆၆
		(၂၇) မိုးကုတ်	၀၉	၆၉၇၂၆၆၆
		(၂၈) ကျောက်ဆည်	၀၆၆	၅၀၆၆၆
		(၂၉) ကျောက်ပန်းတောင်း	၀၆၁	၅၀၆၆၆
		(၃၀) မိတ္ထီလာ	၀၆၄	၂၅၆၆၆
၁၂။	မွန်ပြည်နယ်	(၃၁) မော်လမြိုင်	၀၅၇	၂၆၆၆၆
၁၃။	ရခိုင်ပြည်နယ်	(၃၂) စစ်တွေ	၀၄၃	၂၄၆၆၆
၁၄။	ရန်ကုန်တိုင်း	(၃၃) ရန်ကုန်(တိုင်းရုံး)	၀၁	၂၁၅၆၆၆
		(၃၄) သန်လျင်	၀၅၆	၂၂၆၆၆
		(၃၅) သန်လျင်(ခရိုင်ရုံး)	၀၅၆	၂၁၆၆၆
		(၃၆) ကျောက်တန်း	၀၅၆	၂၅၆၆၆
		(၃၇) တွံတေး	၀၄၅	၅၀၆၆၆
		(၃၈) တိုက်ကြီး	၀၅၅	၂၀၆၆၆
		(၃၉) အင်းစိန်(ခရိုင်ရုံး)	၀၁	၆၄၄၆၆၆
		(၄၀) တာမွေ(ခရိုင်ရုံး)	၀၁	၅၅၉၆၆၆
		(၄၁) ကျောက်တံတား(ခရိုင်ရုံး)	၀၁	၃၈၉၆၆၆
၁၅။	ရှမ်းပြည်နယ်(တောင်ပိုင်း)	(၄၂) တောင်ကြီး	၀၈၁	၂၅၆၆၆
၁၆။	ရှမ်းပြည်နယ်(မြောက်ပိုင်း)	(၄၃) လားရှိုး	၀၈၂	၂၄၆၆၆
၁၇။	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	(၄၄) ကျိုင်းတုံ	၀၈၄	၂၂၆၆၆
၁၈။	ဧရာဝတီတိုင်း	(၄၅) ပုသိမ်	၀၄၂	၂၄၆၆၆
		(၄၆) ဖျာပုံ	၀၄၅	၄၀၆၆၆
		(၄၇) ဓနုဖြူ	၀၄၆	၂၅၆၆၆

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

မီးလောင်မှုနှင့်စပ်လျဉ်း၍ ထပ်မံသတင်းရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ဇန်နဝါရီ ၁၂ရက်ထုတ် သတင်းစာများတွင် မီးလောင်မှုဖြစ်ပွားသည့်သတင်း၌ မီးစတင်လောင်ကျွမ်းသည့်အခန်းအား ကြည့်မြင်တိုင်မြို့နယ် ဆေးရိုးတန်းငြိမ်းချမ်းရေးရပ်ကွက် ထီးတန်းလမ်းမကြီး တိုက်အမှတ် ၇ ခြောက်ထပ်နေ ဒေါ်အေးသန်း၏အခန်းဟု ဖော်ပြခဲ့သော်လည်း ထပ်မံရရှိသောသတင်းများအရ တိုက်အမှတ် ၇ ပဉ္စမထပ်နေ ဒေါ်အေးသန်း၏အခန်းမှ မီးစတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**





ဂုဏ်ယူဝမ်းမြောက်ကြောင်း

ဦးဝင်းအောင် (Chairman-AHK Product Co., Ltd. & MGW Construction. Co., Ltd.) နှင့် **ဒေါ်နန်းမွေးကြိုင်** (MD) မိသားစုမှ (78 Shopping Centre & Cinemas) ကို ၁၀–၂–၂၀၀၇ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ရပါသည်။

ဒေါ်မာလာဝင်း (MD)
United Machinery Co.,Ltd.



အမည်ဖြည့်စွက်ခေါ်ပါရန်

အဖ ဦးကျော်ရှိန် BGE-၀၀၅၅၆၁၏သား ကျွန်တော် စိုးမင်းထွန်း ၁၂/လမန(နိုင်)၀၂၆၃၆၄အား စိုးမင်းထွန်း(ခ)ညီညီရှိန်ဟု ဖြည့်စွက်ခေါ်ပါရန်။ **စိုးမင်းထွန်း(ခ)ညီညီရှိန်။**

အမည်ပြောင်း

ဦးတင်ဝင်းလှိုင်–ဒေါ်ခင်ဝင်းမော်တို့၏သား ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမက(၆) စတုတ္ထတန်း(က)မှ မောင်ကျော်သက်ထွန်း(ခ)ဝမ်ချိုင်းအား မောင်ဇော်လျှမ်းထက်ဟု ပြောင်းလဲခေါ်ပါရန်။ **ဇော်လျှမ်းထက်။**

အမည်ပြောင်း

အထက(၂)မရမ်းကုန်း၊ အဋ္ဌမတန်း(ခ)မှ အဖ ဦးအောင်ကျော်မင်း၏သား မောင်ငြိမ်းချမ်းအောင်အား မောင်ဟိဏ်းထွဋ်စိုးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဟိဏ်းထွဋ်စိုး။**

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏ဇနီးဖြစ်သူ မမီမီဝင်း ၁၂/အစန(နိုင်)၀၆၀၁၇၆သည် မိမိသဘောအလျောက် ၁၅–၆–၂၀၀၆ရက်တွင် နေအိမ်မှဆင်းသွားပါသဖြင့် ယင်းနေ့မှစ၍ ဇနီးအဖြစ်မှ တရားဝင် စွန့်လွှတ်လိုက်ပါသည်။(၎င်းပြုလုပ်ခဲ့သောကိစ္စဟူသမျှ လုံးဝတာဝန်ယူမည်မဟုတ်ပါ။)

ဦးမောင်မောင်ခင်
၁၂/အစန(နိုင်)၁၃၆၉၄၈
က/၇၊ စပယ်လမ်း၊
ထန်းပင်ကုန်း၊
ဇော်ဘွားကြီးကုန်းရပ်ကွက်၊
အင်းစိန်မြို့နယ်။

သင့်သွေးဖြင့် အသက်ကယ်ပါ

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်မင်းကျော်ဇင် ၅/မရန(နိုင်)၁၄၉၄၃၁ မှတ်ပုံတင်နှင့် ကားလိုင်စင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
မောင်မင်းကျော်ဇင် ဖုန်း–၀၆၇–၂၁၈၁၀။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု ပင်ရင်းမြန်မာစာဘာသာသင်ခန်းစာများကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲ
ပင်ရင်းမြန်မာစာဘာသာသိမှတ်ဖွယ်ရာ

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသူ ကျောင်းသားများအတွက် မြန်မာစာဘာသာရပ်မေးခွန်းလွှာဆိုင်ရာ သိမှတ်ဖွယ်ရာများကို ဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ်။

တက္ကသိုလ်ဝင်တန်း မြန်မာစာပြဋ္ဌာန်းစာမှာ ရှေးခေတ်မြန်မာစာပေ၊ ခေတ်သစ်မြန်မာစာပေနဲ့ မြန်မာဘာသာစကားဆိုင်ရာတွေကို ရွေးချယ်ပြဋ္ဌာန်းပေးထားပါတယ်။ ကျောင်းသူကျောင်းသားများအနေနဲ့ မိမိတို့ရဲ့ အမျိုးသားဘာသာစကားနဲ့ အမျိုးသားစာပေဖြစ်တဲ့ မြန်မာဘာသာစကားနဲ့ မြန်မာစာပေမှာပါရှိတဲ့ အသိအလိမ္မာပညာနဲ့ စာပေအရသာတွေကို ရရှိခံစားနိုင်စေမယ့် ပြဋ္ဌာန်းစာများ ဖြစ်ပါတယ်။

ဒီကနေ့ပို့ချချက်ကတော့ ဒီပြဋ္ဌာန်းစာတွေကို လေ့လာကျက်မှတ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသူကျောင်းသားများကို အထောက်အကူပြုနိုင်ဖို့ ရည်ရွယ်ပါတယ်။

စာမေးပွဲဖြေဆိုတဲ့အခါမှာ ကိုယ်ကျက်မှတ်ထားတဲ့ ပြဋ္ဌာန်းစာတွေကို မေးခွန်းနဲ့အံဝင်ခွင်ကျဖြေဆိုနိုင်ဖို့ အလွန်အရေးကြီးပါတယ်။ ဒါကြောင့်မို့ မေးခွန်းပုံစံတွေကို ကျေကျေညက်ညက် လေ့လာသိရှိထားဖို့ လိုအပ်ပါတယ်။

မြန်မာစာမေးခွန်းလွှာမှာ မေးခွန်း(၆)ပုဒ် ဖြေရပါမယ်။ ဒီကနေ့ပို့ချချက်မှာ မေးခွန်းတစ်ပုဒ်စီအတွက် သိအပ်၊ မှတ်အပ် လိုက်နာအပ်တာတွေကို ရှင်းလင်းတင်ပြသွားပါမယ်။

မေးခွန်း(၁)ကတော့ မြန်မာသဒ္ဒါပြဋ္ဌာန်းစာ အတွဲ(၂) အခန်း(၆)ကို အခြေခံပြီးမေးတဲ့ မေးခွန်းဖြစ်တယ်။ (က)(ခ)(ဂ) ဆိုပြီး မေးခွန်းပိုဒ်ခွဲ သုံးခုခွဲပြီး မေးတယ်။

ပိုဒ်ခွဲ(က)မှာ (၅)ခုမေးထားပြီး (၁)ခု ဖြေရမှာဖြစ်တယ်။ ခရာဝန်း၊ အုတ်ခွက်စာ၊ မင်စာစတာတွေ၊ အ-ပြောင်းလဲပုံ၊ အ-က္ခရာ ဤ-ပြောင်းလဲပုံစတဲ့ အက္ခရာပုံသဏ္ဍာန် ပြောင်းလဲပုံတွေ၊ ဌာန်၊ ကရိုဏ်း စတဲ့ စကားသံ ဖြစ်အင်္ဂါတွေ၊ မြန်မာပါဠိဆင့်တွေ၊ ဝါစင်္ဂဆိုင်ရာ ဝါကျဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေထဲက မေးပါမယ်။ ဒီနေရာမှာ ခရာဝန်း၊ အ-ပြောင်းလဲပုံ စတာတွေကိုဖြေရင် ကျက်ထားသမျှကို အစီအစဉ်တကျ ရေးပြရပါမယ်။

ကြိယာဝိသေသန ကိန်း၊ လိင်စတာတွေကိုဖြေရင်တော့ အဲဒီသဒ္ဒါစကားလုံးတွေရဲ့ အဓိပ္ပာယ်တွေကို ဖွင့်ပြရပါမယ်။ အမျိုးအစား ဘယ်နှမျိုးရှိတယ်ဆိုတာကို ပြောရပါမယ်။ သာဓကတွေနဲ့ ဖြေဆိုရမှာလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့ သာဓကများကိုလည်း ကျက်မှတ်ထားရပါမယ်။

မေးခွန်း(၁) - (ခ) ကတော့ သဒ္ဒါလေ့ကျင့်ခန်းဆိုင်ရာ မေးခွန်းဖြစ်တယ်။ (၆)ခု မေးပြီးတော့ (၄)ခု ဖြေဆိုရမှာ ဖြစ်တယ်။ ဒီမေးခွန်းကိုဖြေဆိုနိုင်ဖို့ သဒ္ဒါစာအုပ်ထဲက လေ့ကျင့်ခန်းတွေကို အထပ်ထပ် အခါခါ လေ့ကျင့်ထားဖို့ လိုအပ်ပါတယ်။ သာဓကပြရမယ်ဆိုရင်-

၁၀ နှစ်မြောက်ဆိုတာ အနက်အဓိပ္ပာယ်အရ အစဉ်ပြသင်္ချာ နာမဝိသေသနဖြစ်ကြောင်း၊ အုံ့တုံ့တုံ့ဆိုတာ ဖွဲ့စည်းတည်ဆောက်ပုံအရ ကာရန်လိုက် ကြိယာဝိသေသနဖြစ်ကြောင်း၊ ‘ဘယ်’ ဆိုတာ အမေး နာမဝိသေသနဖြစ်ကြောင်း၊ ‘မည်’ ဆိုတာ အနာဂတ်ကာလပြ ကြိယာဝိဘတ်ဖြစ်ကြောင်း စသည်ဖြင့် ပြည့်ပြည့်စုံစုံ တိတိကျကျ ဖြေဆိုရပါမယ်။ အထူးသတိထားရမှာကတော့ ဖွဲ့စည်းတည်ဆောက်ပုံကို မေးတာလား၊ အနက်အဓိပ္ပာယ်ကို မေးတာလား မေးခွန်းကို သေသေချာချာ ဖတ်ဖို့ပဲ ဖြစ်ပါတယ်။ အမေးနဲ့ အဖြေကိုက်ညီဖို့ အထူးလိုအပ်ပါတယ်။

မေးခွန်း(၁) ပိုဒ်ခွဲ (ဂ)ကတော့ သဒ္ဒါကို အမှန်တကယ်နားလည်တတ်ကျွမ်းမှုရှိမရှိ စမ်းသပ်တဲ့ မေးခွန်း ဖြစ်တယ်။ (၅)ခု မေးထားပြီး (၃)ခုဖြေရမှာ ဖြစ်တယ်။ သဒ္ဒါအမျိုးအစား စကားလုံးတွေ ပေးထားပြီး ဝါကျဖွဲ့ရခြင်း၊ ပေးထားတဲ့ဝါကျတွေထဲက သဒ္ဒါအမျိုးအမည်ကို မေးမြန်းခြင်းများ ပြုတတ်ပါတယ်။

သာဓကပြရမယ်ဆိုရင်-

‘မှတစ်ပါး’ ဆိုတဲ့ သမ္ဗန္ဓကိုပေးထားရင် ‘မိဘမှတစ်ပါး အားကိုးရာမရှိပါ’ ဆိုတဲ့ ဝါကျမျိုး ဖွဲ့ပြရမှာ ဖြစ်တယ်။ သဒ္ဒါလေ့ကျင့်ခန်းတွေကို ကျေညက်နေရင် ပိုဒ်ခွဲ(ခ)နဲ့(ဂ)မေးခွန်းတွေကို မှန်မှန်ကန်ကန် ဖြေဆိုနိုင်မှာ ဖြစ်တယ်။

မေးခွန်း(၂)ကတော့ စကားပြေ၊ ကဗျာနဲ့ပြဇာတ်ဆိုတဲ့ ပြဋ္ဌာန်းစာသုံးမျိုးထဲက ဝေါဟာရတွေနဲ့ အလင်္ကာတွေကို ထုတ်နုတ်ပြီး မေးမြန်းတာဖြစ်တယ်။

မေးခွန်း (၂) - (က)မှာ စာသုံး၊ ပေသုံး ရှေးသုံးဝေါဟာရတွေကို အဓိပ္ပာယ်ဖွင့်ခိုင်းတယ်။ (၈)ခု ပေးထားပြီး (၅)ခု ဖြေရမှာဖြစ်တယ်။ ဒီမေးခွန်းအတွက် ပြဋ္ဌာန်းစာအုပ်ထဲက ခက်ဆစ်အဓိပ္ပာယ်တွေကို သေသေချာချာ ကျက်ထားရင် လုံလောက်ပါတယ်။ ဖြေဆိုတဲ့အခါမှာတော့ ပြဋ္ဌာန်းစာပါအတိုင်း အဓိပ္ပာယ်ဖွင့်ဖို့၊ အဓိပ္ပာယ်ဖွင့်ပုံတိကျဖို့၊ သဒ္ဒါအမျိုးအစားနဲ့ကိုက်ညီတဲ့ အဓိပ္ပာယ်ဖြစ်ဖို့ လိုအပ်ပါတယ်။

‘မြောက်စံအိမ်’ ဆိုရင် ပြဋ္ဌာန်းစာလာအတိုင်း ‘နန်းတော်မြောက် အိမ်ရှေ့မင်းနေရာအိမ်လို့’ ဖွင့်ရပါမယ်။ ‘မြောက်ဘက်ရှိအိမ်’ လို့ ဒီနေ့အဓိပ္ပာယ်ဖွင့်တာမျိုးတွေ ကိုယ့်အဓိပ္ပာယ်နဲ့ကိုယ်ဖွင့်တာမျိုးတွေ မဖြစ်ရပါဘူး။ နာမ်အနက်မဖွင့်ဘဲ ‘အိမ်ရှေ့မင်းအိမ်ဖြစ်သော’လို့ ဖွင့်လိုက်ရင် နာမဝိသေသန ဖြစ်သွားပါမယ်။ သဒ္ဒါအနက် လွဲသွားပါမယ်။

မေးခွန်း (၂) (ခ)မှာတော့ ဒီနေ့ခေတ်သုံး ဝေါဟာရတွေကို ဝါကျဖွဲ့ရမှာဖြစ်တယ်။ (၈) ခုပဲ ပေးထားပြီး (၅)ခု ဖြေရပါမယ်။ ဒီနေရာမှာလည်း ပြဋ္ဌာန်းစာလာ အဓိပ္ပာယ်အတိုင်းပဲ ဖွဲ့ရပါမယ်။ ဝေါဟာရရဲ့ အဓိပ္ပာယ်ပေါ်လွင်တဲ့ ဝါကျမျိုးလည်း ဖြစ်ရပါမယ်။ “ကနုတ်” ကို ဝါကျဖွဲ့ရင် ‘ဘုန်းတော်ကြီးကျောင်းများကို ကနုတ်ပန်းများဖြင့် တန်ဆာဆင် ဆောက်လုပ်လေ့ရှိကြသည်’ ဆိုတဲ့ ဝါကျမျိုး ဖြစ်ရပါမယ်။

“ ကနုတ် ဟူသည်မှာ ပန်းနွယ်ပန်းခက် အဆင်တန်ဆာဖြစ်သည်” ဆိုတဲ့ ဝါကျမျိုး မဖြစ်ရပါဘူး။ ဒီဝါကျမျိုးကတော့ ကနုတ်ရဲ့အဓိပ္ပာယ် မပေါ်လွင်တဲ့ ဝါကျမျိုးဖြစ်တယ်။

မေးခွန်း (၂) (ဂ)ကတော့ အလင်္ကာမေးခွန်းဖြစ်တယ်။ (၈)ခု မေးထားပြီး (၅)ခုဖြေရမှာဖြစ်တယ်။ ဥပမာ - ရူပက စတဲ့ အလင်္ကာအမျိုးအမည်ကို မေးခွန်းထဲမှာ ဖော်ပြထားပါတယ်။ ဒီအလင်္ကာကို ဘယ်ပြဋ္ဌာန်းစာမှာ ဘာအကြောင်းနဲ့ ဆက်စပ်သုံးတယ်ဆိုတာနဲ့ ဘာ့ကြောင့် ဒီအလင်္ကာမြောက်ရသလဲ ဆိုတာရယ်ကို ဖြေရပါမယ်။

“မုန်းပင်စိုက်ပျိုး” ဆိုတဲ့ ဝင်္ကဝုတ္တိအလင်္ကာကိုဖြေရင် ဒီအလင်္ကာဟာ “သောနုတ္တရမုဆိုးနှင့် ဆဒ္ဒန်ဆင်မင်း” စကားပြေထဲကဖြစ်ကြောင်း ဆဒ္ဒန်ဆင်မင်းက မုဆိုးအား စူဠသုဘဒ္ဒါ၏ အမုန်းအကြောင်း ပြောပြခြင်းနှင့် ဆက်စပ်ပြီးသုံးထားတဲ့ အလင်္ကာဖြစ်ကြောင်းဖြေရပါမယ်။ မုန်းတီးစိတ်များ တဖြည်းဖြည်း ကြီးထွားလာသည်လို့ တိုက်ရိုက်မပြောဘဲ မုန်းပင်စိုက်ပျိုးလို့ သွယ်ဝိုက်ပြောဆိုထားတဲ့အတွက်ကြောင့် ဝင်္ကဝုတ္တိအလင်္ကာမြောက်ကြောင်း ရှင်းပြရမှာဖြစ်တယ်။

အလင်္ကာဖြေတဲ့အခါမှာ အထူးသတိထားရမယ့်အချက်ကတော့ ဥပမာအလင်္ကာကိုဖြေရင် အနှိုင်းခံနှင့် အနှိုင်းဘယ်လိုခိုင်းနှိုင်းဖွဲ့ဆိုကြောင်း၊ ရူပကအလင်္ကာကိုဖြေရင် အနှိုင်းခံနှင့် အနှိုင်းတို့ရဲ့ ဘယ်လို ဂုဏ်ရည်တူကို ထပ်တူပြုထားကြောင်း၊ ဝင်္ကဝုတ္တိအလင်္ကာကိုဖြေရင် ဘယ်လိုတိုက်ရိုက်မရေးဘဲ သွယ်ဝိုက်ရေးထားကြောင်း၊ အတိသယဝုတ္တိအလင်္ကာကိုဖြေရင် ဘယ်အဓိပ္ပာယ်ကို ဘယ်လိုအလွန်အကြူးဆိုထားကြောင်း၊ မြည်သံစွဲအလင်္ကာကိုဖြေရင် ဘာမြည်သံကို ထည့်သွင်းဖွဲ့ဆိုထားကြောင်းဆိုတဲ့ သက်ဆိုင်ရာ အလင်္ကာရဲ့ သတ်မှတ်အသုံးအနှုန်းတွေကို ထည့်သွင်းဖြေဆိုရခြင်းပဲ ဖြစ်တယ်။

မေးခွန်း(၃) ကတော့ ကဗျာလက်ရွေးစင်ထဲက မေးခွန်းများဖြစ်တယ်။ ပိုဒ်ခွဲ (က)မှာ ဓမ္မဓိဋ္ဌာန်မေးခွန်းတွေ မေးပါမယ်။ (၈)ခု မေးထားပြီး (၅)ခု ဖြေရပါမယ်။ ဒီမေးခွန်းတွေအတွက် ကဗျာတစ်ပုဒ်ချင်းရဲ့ မိတ်ဆက်မှာပါတဲ့ ကဗျာစာဆိုအကြောင်း၊ ကဗျာရေးတဲ့ခေတ်၊ ကဗျာအမျိုးအစား၊ ကဗျာအမျိုးအမည်တွေရဲ့ သဘောသဘာဝနဲ့ ကဗျာအကြောင်းအရာ၊ ကဗျာမှာပါတဲ့ အချက်အလက်နဲ့အဓိပ္ပာယ်၊ ကဗျာနဲ့သက်ဆိုင်တဲ့ထူးခြားချက် စတာတွေကို ကျက်မှတ်ထားဖို့ လိုအပ်ပါတယ်။ “သပြေနုချိန်” ကို “ဩဒိဿပတ္တနာ ကဗျာလေးချိုးကြီး” ဟု ခေါ်ဆိုကြောင်း၊ ကာကပုံဆိုတာကတော့ လက်ယာလက်က ခားကိုကိုင်၊ လက်ဝဲလက်က ကာကိုကိုင်ပြီး ရန်သူကို ကာကွယ်တိုက်ခိုက်ဟန် ကခုန်ခြင်းဖြစ်ကြောင်း စသည်ဖြင့် ကျက်မှတ်ပြီး ဖြေဆိုရမှာဖြစ်ပါတယ်။

မေးခွန်း (၃) (ခ)ကတော့ ရှင်းလင်းဆွေးနွေးရတဲ့ မေးခွန်းဖြစ်တယ်။ (၂)ပုဒ်မေးထားပြီး (၁)ပုဒ် ဖြေရပါမယ်။ ကဗျာတစ်ပုဒ်ချင်းရဲ့ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ အရေးအဖွဲ့နဲ့ ရရှိတဲ့ သုတရသတွေကို လေ့လာထားရပါမယ်။ ကဗျာစာသားတွေကို ကျက်မှတ်ထားရပါမယ်။ ဖြေဆိုတဲ့အခါမှာတော့ ကဗျာပါအကြောင်းအရာကို တိုက်ရိုက်မေးတာလား ကဗျာစာဆိုက ဘယ်လိုဖွဲ့ထားလဲလို့ မေးတာလား၊ ကဗျာနဲ့ ပတ်သက်တဲ့ မိမိရဲ့ အတွေးအမြင် ခံစားချက်ကိုမေးတာလား စသဖြင့် မေးခွန်းရဲ့ရှုထောင့်ကို ကွဲကွဲပြားပြား သိဖို့လိုအပ်ပါတယ်။ “ရွှေနှင့်ယိုးမှားပန်းစကား” ကဗျာမှ မိန်းမပျို၏ စိတ်ထားနှင့် မေတ္တာဇာတ်လမ်းကိုတင်ပြပါ”ဆိုရင် ကဗျာပါအကြောင်းအရာကို စာဖြေသူရှုထောင့်ကနေပြီး ထုတ်နုတ်ပြီး တိုက်ရိုက်တင်ပြရမှာ ဖြစ်တယ်။ “ရွှေနှင့်ယိုးမှားပန်းစကား” ကဗျာမှ မိန်းမပျိုလေး၏အဆင်း၊ကိုယ်ကျင့်တရားနှင့် ချစ်ခြင်းမေတ္တာကို စာဆိုကမည်သို့ ဖွဲ့ဆိုထားသနည်း- ဆိုရင်တော့ စာဆိုရှုထောင့်ကနေပြီး ဘယ်အချက်ကို ဘယ်လိုကဗျာဖွဲ့ထားကြောင်း ဖြေရပါမယ်။

သတိပြုရမယ့်အချက်တစ်ခုကတော့ သင့်လျော်ရာကဗျာစာသား အကိုးအကားများကို ထည့်သွင်း ဖြေဆိုဖို့ပဲ ဖြစ်တယ်။

မေးခွန်း (၄)ကတော့ စကားပြေဆိုင်ရာ မေးခွန်းဖြစ်တယ်။ ပိုဒ်ခွဲ(က)က ဓမ္မဓိဋ္ဌာန်မေးခွန်းတွေဖြစ်တယ်။ (၈)ခု မေးထားပြီး (၅)ခု ဖြေရပါမယ်။ ဒီမေးခွန်းအတွက်လည်း စကားပြေတစ်ပုဒ်ချင်းရဲ့ မိတ်ဆက်မှာပါတဲ့ စာရေးသူအကြောင်း၊ ရေးတဲ့ခေတ်၊ စကားပြေအကြောင်း၊ ထုတ်နုတ်တဲ့စာအုပ်အမည် စတဲ့ အချက်အလက်တွေကို ကျက်မှတ်ထားရပါမယ်။ တိတိကျကျ ဖြေဆိုဖို့လည်း လိုအပ်ပါတယ်။ “ဝိဇ္ဇာသိပ္ပ လူ့ကိစ္စ” ကဗျာကို ရေးသူမှာ ရှင်မဟာရဋ္ဌသာရဖြစ်ကြောင်း၊ “နွေဦးကာလ

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

တတိယအကြိမ် ကျွဲ၊ နွားများအသက် ဇီဝိတဒါန လှူဒါန်းမှု ရေစက်ချပွဲ အခမ်းအနား မော်လမြိုင်ကျွန်းမြို့၌ကျင်းပ

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၈

မော်လမြိုင်ကျွန်းမြို့နယ်မှ ကျွဲ၊နွားများ၏အသက်ကို ဇီဝိတဒါန လှူဒါန်းမှု ၂၀၀၆-၂၀၀၇ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် တတိယအကြိမ်မြောက် စုပေါင်းရေစက်ချပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၇ နာရီက ကမ်းနားကျောင်း ရာပြည့်ဓမ္မဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားသို့ ရွှေရတု တိပိဋကရေ တိပိဋကကောဝိဒ မော်ကျွန်းဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ၊ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တစိန္တိတာ လင်္ကာရ (အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ)၊ ဇီဝိတဒါနအဖွဲ့ နာယက မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ကမ်းနားကျောင်း ဆရာတော် ဘဒ္ဒန္တ ကောဝိဒ (အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ)နှင့် မြို့နယ် သံဃနာယက ဆရာတော်များ ကြွရောက်တော်မူပြီး မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဇီဝိတဒါန လှူဒါန်းမှု အဖွဲ့ဝင်များ၊ မြို့နယ်အတွင်းမှ ဇီဝိတဒါန အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဇီဝိတဒါန အလှူရှင် ၂၀၀ တို့၏ လှူဒါန်းငွေကျပ် ၄၇ သိန်း ရေစက်ချ အနုမောဒနာ တရားတော်ကို ရွှေရတုတိပိဋကရေ တိပိဋကကောဝိဒ မော်ကျွန်းဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသက ဟောကြားတော်မူသည်။ **(အပေါ်ယာပုံ)**

ထို့နောက် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွက် ကျွဲ၊နွားများ၏ အသက်ကို ဇီဝိတဒါန အလှူငွေများ လှူဒါန်းကြရာ မော်ကျွန်းဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသက အလှူငွေကျပ် တစ်သိန်းခွဲ၊ ရန်ကုန်မြို့နေ သီရိသုဓမ္မ မဏိဇောတရေ ဦးဘိုကြီးနှင့် သီရိသုဓမ္မသီဂီ ဒေါ်သန်းသန်းတို့က အလှူငွေကျပ်ငါးသောင်းတို့ကို လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

(မြို့နယ် ပြန်/ဆက်)

မိတ္ထီလာဆရာတော် သစ္စာတရားဟောကြားမည်

မိတ္ထီလာ ဖေဖော်ဝါရီ ၁၀

မန္တလေးတိုင်း မိတ္ထီလာမြို့ ကံဦးရပ် ကြည်ကုန်းနယ်မြေကျောင်းသစ်ကျောင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ်(၁၂၉)၏ပဓာနနာယက ကျောင်းသစ်ကျောင်းဆရာတော် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ပညာစာရသည် မိတ္ထီလာမြို့ ဝါရုံအုပ်စု အိုင်ကြီးလည်ကျေးရွာ အဖွဲ့ခွဲအမှတ် (၄၆၂)၌ တပေါင်းလဆန်း ၁ ရက်မှ ၇ ရက်အထိကျင်းပမည့် တရားစခန်းပွဲ၌ လည်းကောင်း၊ မိတ္ထီလာမြို့ရေချိုကျေးရွာအဖွဲ့ခွဲအမှတ် ၄၄၈ ၌ တပေါင်းလပြည့်ကျော် ၉ ရက်မှ ၁၅ရက်အထိကျင်းပမည့်တရားစခန်းပွဲ၌ လည်းကောင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စ သမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ကျေးလက်တံတား

ဖေဖော်ဝါရီ၁ ရက်က ထားဝယ်မြို့ ဘဝပင် ကျေးလက်တံတား တည်ဆောက်နေမှုကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းက ကြပ်မတ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ချုပ်မှ ထောက်ပံ့ချီးမြှင့်သော အသက် (၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ကြေးပေးအပ်ပွဲကို ဖေဖော်ဝါရီ၃ ရက်က ပြည်မြို့နယ်စစ်မှုထမ်းဟောင်းစည်းရုံး ရေးကော်မတီ၌ ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းညွှန့်က ထောက်ပံ့ငွေပေးအပ်စဉ်။ (စစ်မှုထမ်းဟောင်း)

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

စာပေဟောပြောပွဲ မိုင်းဖြတ်မြို့၌ကျင်းပ

မိုင်းဖြတ် ဖေဖော်ဝါရီ ၁

စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၁၆ရက် မွန်းလွဲပိုင်းက မိုင်းဖြတ်မြို့ ဘုရင့်နောင် ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မိုင်းဖြတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး စာရေးဆရာ မောင်ငြိမ်းသူ (ကြို့ပင်ကောက်)က စာပေကုန်ကြမ်းကို ရှာတွေ့ပါပြီတဲ့ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာ မြင်းမူမောင်နိုင်မိုးက ဘဝထဲက ကဗျာ ကဗျာထဲကဘဝ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေး ဆရာချစ်စံဝင်းကစိတ်ကောင်းရှိဖို့ ပထမခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ ချစ်နိုင် (စိတ်ပညာ)က စာပေကျေးဇူး ခေါင်းစဉ်များဖြင့်လည်းကောင်း ဟောပြောကြသည်။

ဆက်လက်၍ စာရေးဆရာများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး စာရေးဆရာ ချစ်စံဝင်းက ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် ၎င်းကိုယ်တိုင်ရေးသားသော အမေနှင့် အမေ့အကြောင်း စာအုပ်များကို ပေးအပ်လှူဒါန်းသည်။

(ခရိုင် ပြန်/ဆက်)

အမြို့မြို့အနယ်နယ် သတင်းများ

နတ်တလင်းမြို့ ပဲမခမ်း-သာစည် ကျေးလက် မြေသားလမ်း အရှည်ပေ ၄၅၀၀၊ အကျယ် ၁၈ပေ ဆောင်ရွက်မှု ကို ဇန်နဝါရီ ၁၉ ရက်က မြို့နယ်အမှုဆောင် အရာရှိ ဦးသန်းဦးနှင့် အငယ်တန်း အင်ဂျင်နီယာ(၂)ဦးဇော်မင်းဦးတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

စာမျက်နှာ ၁၅ မှ

[illegible]

17-2 (16) 1 2/17/07, 1:35 PM

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် အမေရိကန်နိုင်ငံဗာဂျီးနီးယားပြည်နယ်နေ ဦးတိတ်လွင်-ဒေါ်အေးအေးငြိမ်း၊ သား စောငြိမ်းလွင်၊ ကျော်ငြိမ်းလွင်တို့၏ကိုယ်စား မိတ်ဆွေတစ်ဦးက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော် (ကျောက်ဆည်)အရှင်ဝိမလထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဇေယျဝတီ ဆရာတော် သစ္စာတရားဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ်(၅)မေခလမ်းသစ်ဆိမ့်ကုန်းရပ်ရှိ မိုးကုတ် ဝိပဿနာနိဗ္ဗာန် ရွှေဂူတောရရိပ်သာ ပဓာနနာယက ဇေယျဝတီ ဆရာတော် ဘဒ္ဒန္တသောဘန(ဓမ္မာစရိယ B.A)သည် မတ်၄ရက်မှ ၁၃ ရက်ထိ ကယားပြည်နယ် လွိုင်ကော်မြို့၌ကျင်းပမည့် တရားစခန်းပွဲကြီး၌ ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့်သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်သည်။ ဆရာတော်သည်သင်္ကြန်တရားစခန်းပွဲကို နိဗ္ဗာန်ရွှေဂူတောရရိပ်သာ၌ ကျင်းပနိုင်ရန် ဓမ္မာရုံ အချိန်မီဆောက်လုပ်မည် ဖြစ်ပါ၍ လှူဒါန်းနိုင်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ကျိုင်းတုံ မြို့နယ် စည်ပင်သာယာရေး အဖွဲ့ တောင်ကြီးလမ်းအထွက် မြို့ဝင် ဆိုင်းဘုတ် အသစ်တည်ဆောက်မှုကို ဇန်နဝါရီ၂၀ရက်ကအမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဌေးကြွယ်တို့ ကြီးကြပ်ဆောင်ရွက်ရာ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးစံလင်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ကျောင်းကုန်းမြို့ မိုးပြာအရှေ့ မူလတန်းလွန်ကျောင်း တိုးချဲ့ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

ကျောင်းကုန်း ဖေဖော်ဝါရီ ၁၁

တိုးချဲ့ကျောင်းဆောင်သစ် အလျားပေ၆၀၊ အနံပေ၃၀ လွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၁ရက် နံနက်၉နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့ မိုးပြာကျေးရွာ မိုးပြာအရှေ့ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်၊ လက်ထောက် မြို့နယ်ပညာရေးမှူး ဦးမောင်မောင်အေးတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ မိုးပြာအရှေ့ အခြေခံပညာ မူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာကြီး ဦးသန်းရီက နိုင်ငံတော်မှငွေကျပ်၂၅သိန်းနှင့် အလှူရှင် ပြည်သူများ ထည့်ဝင်ငွေဖြင့် အလျားပေ ၆၀၊ အနံပေ ၃၀တစ်ထပ်၊ အုတ်ညှပ်ပတ်ကား၊ သွပ်မိုး၊ ကွန်ကရစ်ခင်းဖြင့် ကာလတန်ဖိုး ငွေကျပ် ၅၉၈၄၇၁၃ ရှိ ကျောင်းဆောင်သစ် ဆောက်လုပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းသည်။

ထို့နောက် အလှူရှင် ဦးကြည်ဝင်း-ဒေါ်မြင့်မြင့်ဦး (ပဲမျိုးစုံရောင်းဝယ်ရေး)က ရာသက်ပန်ပညာရေးငွေပဒေသာပင်အဖြစ် ငွေကျပ်၁၀သိန်း စိုက်ထူလှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးဉာဏ်လှိုင်က ဂုဏ်ပြု မှတ်တမ်းလွှာပေးအပ်သည်။ **(အပေါ်ပုံ)** **(၂၆၅)**

လှည်းဆိပ် အထက အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် လှည်းဆိပ်အခြေခံပညာအထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ကြီးများနှင့် (၁၉၈၁-၈၂)ထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ ဆရာမများအား ကျောင်းသားကျောင်းသူဟောင်းများက ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို မတ်၂ရက် (တပေါင်းလပြည့်နေ့) နံနက် ၁၀ နာရီတွင် ကျောင်းခန်းမဆောင်၌ကျင်းပမည်ဖြစ်ရာ ကျောင်းအုပ်ကြီးများအားလုံး မပျက်မကွက် တက်ရောက်ရန်နှင့်အလှူငွေများကို ကိုဝင်းခိုင် (ခိုင်ဇော်သဘော်ာဆေးဆိုင်-သမိုင်း) ဖုန်း-၀၉-၅၀-၁၇၂၈၈၊ ၀၉-၈၀-၃၃၃၆၇၊ ၀၁-၆၆၀၁၉၂၊ကိုအေးသန်း (တိုက်ကြီး) ဖုန်း-၀၅၅-၂၀၃၅၂နှင့် ကိုကျော်ဟန်သိန်း (တိုက်ကြီး) ဖုန်း ၀၅၅-၂၀၅၈၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်း ဒီဇင်ဘာ ၂၉ ရက်က မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ လွန်ဆေးမြိုင်ပန်းခြံနှင့် ပျိုးဥယျာဉ်တို့ကို ကြည့်ရှုစစ်ဆေး အမှုဆောင်အရာရှိနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ပန်းအလှပင်များ စုပေါင်းစိုက်ပျိုး

ဘူးသီးတောင် ဖေဖော်ဝါရီ ၁

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများစုပေါင်း၍ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် ဆောင်ရွက်သည့် ဗိုလ်ချုပ်လမ်း ဘေးဝဲယာ တစ်လျှောက်တွင် လမ်းဘေးကပ်တုံးများ ဆောင်ရွက်ခြင်းနှင့် ပန်းအလှပင်များ စိုက်ပျိုးထားမှုကို ဇန်နဝါရီ၁၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဦးနှင့် တာဝန်ခံအင်ဂျင်နီယာဦးမင်းမင်းထွန်းတို့ ကြီးကြပ် ဆောင်ရွက်ပေးကြကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

ဖျာပုံမြို့တွင်းရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ဒုတိယလမ်းမကြီးဘေးရှိ ရေမြောင်းအတွင်း အမှိုက်များ၊ နုန်းများဆယ်ယူရှင်းလင်းခြင်း လုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ရာ ဖေဖော်ဝါရီ ၂ရက်က လက်ထောက်အင်ဂျင်နီယာ ဒေါ်လေးခင်နှင့်ဒုတိယဦးစီးမှူး(သန့်) ဦးဝင်းအောင်သူတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၅၈)

မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်

ဟင်္သာတ ဖေဖော်ဝါရီ ၃

ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပဒေသာဈေးနှင့် ဌေးဝင်းဈေးအတွင်း မီးဘေးကြိုတင် ကာကွယ်ရေးနှင့် မီးဘေး လုံခြုံရေးအတွက် မီးသတ်ဆေးဘူးဖြင့် သရုပ်ပြခြင်း၊ မီးသတ်ပိုက်များဖြင့်ဓာတ်တိုက် လေ့ကျင့်ခြင်းများကို ဈေးအရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များ၊ အဖွဲ့ ဈေးဝန်ထမ်းများနှင့် ဈေးသူဈေးသားများပါဝင်လျက် ဇန်နဝါရီ ၂၈ရက်က ကျင်းပရာ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌတို့ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြန်မာ့အလင်းမြို့နယ်သတင်းထောက်ကတ်ပြားအသစ်များ စိစစ်လဲလှယ်ပေးမည်

၁။ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတိုက်မှ ခန့်အပ်တာဝန်ပေးခဲ့သော ပြည်နယ်နှင့် တိုင်းအသီးသီးမှ မြို့နယ် သတင်းထောက်များ၏ သတင်းထောက်ကတ်ပြားများကို ပြန်လည်စိစစ် လဲလှယ်ပေးမည်ဖြစ်ပါ၍ ၃၁-၃-၂၀၀၇ ရက်(စနေနေ့) နောက်ဆုံးထားပြီး အောက်ဖော်ပြပါအချက်အလက်များနှင့်အတူ ဤသတင်းစာတိုက်သို့ ပေးပို့ကြရန် ဖြစ်ပါသည်-

(က) လွန်ခဲ့သော(၃) လအတွင်း ရိုက်ကူးထားသည့် ပတ်စပို့အရွယ်ဓာတ်ပုံ(၂)ပုံ၊
(ခ) ကိုယ်ရေးအကျဉ်းချုပ်၊
(ဂ) အမျိုးသားမှတ်ပုံတင် (သို့) နိုင်ငံသားစိစစ်ရေးကတ် မိတ္တူ၊
(ဃ) သတင်းထောက်အဖြစ် ဆက်လက်ဆောင်ရွက်လိုကြောင်း ဆန္ဒပြုလွှာ
(င) သက်ဆိုင်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သက်ရှိထင်ရှားရှိပြီး သတင်းထောက်အဖြစ် ဆက်လက်ခန့်ထားသင့်ကြောင်း ထောက်ခံချက်၊
(စ) သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်၊
(ဆ) မြို့နယ်သတင်းထောက်ကတ်ပြား အဟောင်းကို ပြန်လည်အပ်နှံရပါမည်။

၂။ နောက်ဆုံးထားပေးပို့ရမည့်ရက်ထက် ကျော်လွန်ရောက်ရှိလာသူများအား မြို့နယ်သတင်းထောက်များစာရင်းမှ ပယ်ဖျက်သွားမည် ဖြစ်ပါသည်။

မြန်မာ့အလင်း သတင်းစာတိုက်။

ဆုချီးမြှင့်

ဖေဖော်ဝါရီ ၁၀ရက်က အုတ်ဖိုမြို့နယ် အထက၃၌ ကျင်းပသည့် ၂၀၀၆-၂၀၀၇ မြို့နယ် အဆင့် ဘက်စုံထူးချွန်ဆုပေးပွဲတွင် မြို့နယ်ဘက်စုံထူးချွန်ဆု ၁၄ဆုရ သတ္တမတန်းမှ နန္ဒသီဟအား မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဦးခင်မောင်အေးက ဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

မော်လမြိုင်မြို့နယ် ပြည်တွင်းကုန်တင်ကုန်ချကော်မတီကြီးမှူး လုပ်အားယှဉ်ပြိုင် ရက်မှန်ဆုပေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

အလုပ်သမားဝန်ကြီးဌာန မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ပြည်တွင်းကုန်တင်ကုန်ချကော်မတီကကြီးမှူး၍ ၂၀၀၆ခုနှစ်အတွက် လုပ်အားယှဉ်ပြိုင်ရက်မှန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၄ရက် နံနက်၁၀နာရီက မော်လမြိုင်မြို့နယ် ပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြည်တွင်း ကုန်တင်ကုန်ချကော်မတီ ဦးစီးအရာရှိ ဦးထွန်းရှန်၊ ကြီးကြပ်ရေးမှူး ဦးငွေစိုး၊ စောင့်ရှောက်ရေးမှူး ဦးဉာဏ်ဦးတို့က အမှာစကား အသီးသီးပြောကြားကြပြီး မြို့နယ်ဦးစီးအရာရှိ ဦးထွန်းရှန်က လုပ်အားယှဉ်ပြိုင်ရက်မှန်ဆု ပထမဆုရရှိသော လုပ်သားအဖွဲ့အမှတ်(၁၁)မှ ဦးတင်လှိုင်၊ဒုတိယဆုရလုပ်သားအဖွဲ့အမှတ်(၇)မှ ဦးအောင်သိန်းထွန်းနှင့် တတိယဆုရ လုပ်သားအဖွဲ့အမှတ်(၁၅)မှ ဦးရာမားတို့အား ထောက်ပံ့ငွေနှင့် ဆုများချီးမြှင့်ပေးအပ်သည်။ ဆက်လက်၍ ကြီးကြပ်ရေးမှူးနှင့်စောင့်ရှောက်ရေးမှူးတို့က ဆုရလုပ်သား ၁၅ဦးတို့အား ဆုချီးမြှင့်ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်မျက်ရတနာများမှာ နိုင်ငံတော်ပိုင် သဘာဝအရင်းအမြစ် သယံဇာတပစ္စည်းများဖြစ် နိုင်ငံတော်အကျိုးနှင့် မိမိတို့အကျိုးအတွက် မျှတစွာ စည်းကမ်းတကျတူးဖော်လုပ်ကိုင် တန်ဖိုးမြင့်ကုန်ချောများအဖြစ် ရောင်းချနိုင်သည့်အဆင့်ရောက်အောင်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ အစည်းအဝေး(၁/၂၀၀၇)ကို ယနေ့ညနေ ၅နာရီခွဲတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ဆွေးနွေး မှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ အစည်းအဝေး (၁/၂၀၀၇) တွင် ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

ဒေသဖွံ့ဖြိုးရေး စေတနာပါပါ
ဖိဖိစီးစီး ဝိုင်းဝန်းကြိုးပမ်း
စက်မှုကုန်ကြမ်းသီးနှံ နှစ်ရှည်ပင်
ရော်ဘာ စမ်းသပ်စိုက်ပျိုး

နေပြည်တော် ဖေဖော်ဝါရီ ၁၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရန် ဖေဖော်ဝါရီ ၁၅ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ကယားပြည်နယ် လွိုင်ကော်လေဆိပ်သို့ နံနက်၈နာရီတွင် ရောက်ရှိကြသည်။

ကြိုဆို

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များအား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွန့်တင်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လွိုင်ကော်လေဆိပ်တွင် ကြိုဆိုကြသည်။

စာမျက်နှာ ၉ ကော်လံ ၃ ●

ဆည်မြောင်းဦးစီးဌာနမှ အင်းလေးကန်အတွင်း သောင်တူးစက်ယန္တရားကြီးများဖြင့် သဲနုန်းတူးဖော် ရေလမ်းချဲ့ထွင် ဆောင်ရွက်နေသည်ကို ဇန်နဝါရီ ၂၆ ရက်က ဤသို့တွေ့ရသည်။

ဓာတ်ပုံ- အောင်သန်း(မင်္ဂလာတောင်ညွန့်)

ကမ္ဘာအရပ်ရပ်မှခရီးသည်များ လာရောက်လေ့လာနေသည့် အင်းလေးကန် စိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေး ဆောင်ရွက်ပေးနေ

ကွင်းဆင်းမေးမြန်းရေးသားသူ - ကျော်စိန်
ဓာတ်ပုံမှတ်တမ်းတင်သူ - အောင်သန်း (မင်္ဂလာတောင်ညွန့်)

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရှမ်းပြည်နယ် တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်တွင် တည်ရှိပြီး မြန်မာနိုင်ငံရှိ ကုန်းတွင်းရေအိုင်ကြီးများအနက် အကြီးဆုံး ရေအိုင်ကြီးများတွင် တစ်ခုအပါအဝင်ဖြစ်သော အင်းလေးကန်သည် တန်ခိုးကြီး ဖောင်တော်ဦးဘုရား၊ ထူးခြားသော ရေလယ်ရွာကြီးများ၊ ကျွန်းမျော စိုက်ခင်းများနှင့် အခြားထူးခြားသောဓလေ့များ ရှိခြင်းကြောင့် မြန်မာနိုင်ငံနှင့် ကမ္ဘာအရပ်ရပ်မှခရီးသည်များ လာရောက်လေ့လာကြသော ရေကန်ကြီး ဖြစ်ပေသည်။

စတုရန်းမိုင်

အင်းလေးကန်၏ ရေပြင်ဧရိယာသည် မူလက စတုရန်းမိုင် ၁၀၀ရှိပြီး ယခုအခါ မိုးရာသီတွင်

စာမျက်နှာ ၇ ကော်လံ ၁ ■